မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


**အမှတ် ၃၄ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက် ( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**


ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၂/၂၀၁၉**

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

**တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးမိုးကျော်သူ ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်<br>
နိုင်ငံတော်သမ္မတ<br>
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၁၉**

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံ၏တရားမဝင်ကုန်သွယ်မှုများကြောင့် ကမ္ဘာလုံးဆိုင်ရာတရားမဝင် ကုန်သွယ်မှုအခြေအနေ ညွှန်းကိန်းမြင့်တက်လာမှုနှင့်စပ်လျဉ်း၍ နိုင်ငံအဆင့်၌ ဌာနအချင်းချင်းအကြား ပူးပေါင်းမှုမြင့်တင်ရန်အတွက် **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |

(ဃ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(င) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(စ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဆ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဇ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဈ) ကောင်စီဝင် အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(ည) ဝန်ကြီးတစ်ဦးစီ အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

(ဋ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဌ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဍ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဎ) ရဲချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(န) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဖ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဘ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(မ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ယ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ရ) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ — အတွင်းရေးမှူး

၂။ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာနှင့် မူဝါဒများချမှတ် လမ်းညွှန်ခြင်း၊

(ခ) တိုင်းဒေသကြီး/ပြည်နယ်များတွင် ဒေသနှင့်သင့်လျော်သော နည်းဗျူဟာများချမှတ်စေ၍ ဟန်ချက်ညီစွာ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်ပေးခြင်း၊

(ဂ) Free Trade Zones (FTZs) များနှင့် အထူးစီးပွားရေးဇုန်များကို အသုံးချ၍ တရားမဝင်ကုန်သွယ်မှုများ မပြုလုပ်နိုင်ရန် ထိရောက်သည့်နည်းလမ်းများ ချမှတ်ကာကွယ်ခြင်း၊

(ဃ) ပြည်တွင်းထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ကာကွယ်ရန်နှင့် ပြည်တွင်းလုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းစေရန်အတွက် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်ခြင်း၊

(င) ကုန်သွယ်မှုလုပ်ငန်းများအတွက် ပေးဆောင်ရမည့် အခွန်အမျိုးအစားများကို ပိုမိုရှင်းလင်းလွယ်ကူစွာ သိရှိနိုင်ရန် အခွန်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပိုမိုရှင်းလင်းအောင်ပြုပြင်ခြင်းနှင့်လုပ်ငန်းရှင်များအား အကောက်ခွန်လုပ်ထုံးလုပ်နည်းများအပါအဝင် အခွန်ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(စ) တရားမဝင်ကုန်သွယ်မှုကို အခြေခံသော အကျင့်ပျက်မှုများဖြစ်စေသည့် "အခွင့်အလမ်းများ" ကို ထိရောက်စွာတားမြစ်နိုင်ရန် ကုန်သွယ်မှုနှင့် သက်ဆိုင်သည့်ဌာနများ၏ လုပ်ထုံးလုပ်နည်းများ၊ စာရွက်စာတမ်းများ ဖြေလျှော့ခြင်း၊ e-Government စနစ် ကျင့်သုံးစေခြင်း၊

(ဆ) တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် လိုအပ်ပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်နိုင်ရေး ဆောင်ရွက်ခြင်း၊ ဥပဒေအသစ်များရေးဆွဲခြင်း၊

(ဇ) တရားမဝင်ကုန်စည်များ၏ အန္တရာယ်နှင့် တရားမဝင်ကုန်သွယ်မှု၏ နိုင်ငံအပေါ် ထိခိုက်မှုများကို အများပြည်သူသိရှိနားလည်အောင် အသိပညာပေးခြင်း၊

(ဈ) အခြားနိုင်ငံများနှင့်အတူ ပူးတွဲစုံစမ်းရေးအဖွဲ့များ (Joint Investigation Teams - JITs) ထူထောင်နိုင်ရေး သက်ဆိုင်သော အမိကအစိုးရအဖွဲ့ အစည်းအဝေးများအကြား မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) ပြည်ပပို့ကုန်/သွင်းကုန် ဝင်ပေါက်ထွက်ပေါက်များတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှန်ကန်ရေး၊ လွယ်ကူချောမွေ့လျင်မြန်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဋ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဈေးကွက်တွင် မျှတစွာ ယှဉ်ပြိုင်ရပ်တည်နိုင်ရန်နှင့် စားသုံးသူများ အကာအကွယ်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်

များတွင် ဖွဲ့စည်းထားသည့် တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်စေခြင်း၊

(ဌ) တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်မှုတွင် ဆုပေး၊ ဒဏ်ပေးစနစ်ကို ထိရောက်စွာကျင့်သုံးခြင်း၊

(ဍ) တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ မဟာဗျူဟာနှင့် မူဝါဒလမ်းညွှန်ချက်များ အပေါ် လုပ်ငန်းစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်း၊ လေ့လာစောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်းများကို ဆောင်ရွက်နိုင်ရန် အမြဲတမ်းရုံးအဖွဲ့တစ်ရပ် ဖွဲ့စည်းထားရှိဆောင်ရွက်ခြင်း၊ ယင်းရုံးအဖွဲ့တွင် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ အချိန်ပြည့်ပူးပေါင်းပါဝင်ဆောင်ရွက်စေခြင်း။

၃။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအား ယင်းကော်မတီ၏ တာဝန်ခံဝန်ကြီးဌာန (Focal Ministry) အဖြစ် သတ်မှတ်တာဝန်ပေးအပ်လိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၈၀/၂၀၁၉

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန တိုးချဲ့ဖွဲ့စည်းခြင်း

သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၏ သဘောတူညီချက်အရ ကယားပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့တွင် **လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန** ကို တိုးချဲ့ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

### မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် အဖြစ်မှ ရပ်စဲခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၂/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သော **မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ** မှ ကောင်စီဝင် ဒေါ်သူဇာ သည် မိမိ၏သဘောဆန္ဒအရ ကောင်စီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် တင်ပြလာသဖြင့် သတင်းမီဒီယာဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) အရ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်မှစ၍ ကောင်စီဝင်အဖြစ်မှ ရပ်စဲလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၉) စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေများမှ အဆက် ]**

## အခန်း (၂၁)

## စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးကို အကောက်ခွန်ဦးစီးဌာနက အကာအကွယ်ပေးခြင်း

၆၄။ အခွင့်အရေးရရှိသူသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေး ချိုးဖောက်ထားသည်ဟု စွပ်စွဲခံရသောပစ္စည်းကို နိုင်ငံတော်နယ်နိမိတ်အတွင်းသို့ တင်သွင်းထားကြောင်း သို့မဟုတ် တင်သွင်းလျက်ရှိကြောင်း သို့မဟုတ် တင်သွင်းရန်ရှိကြောင်း သံသယဖြစ်ဖွယ်ရာအထောက်အထား ရှိပါက အဆိုပါပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့ မိန့်ထုတ်ပေးရန် သတ်မှတ်ချက်နှင့်အညီ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်။

၆၅။ (က) အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် -

(၁) ပုဒ်မ ၆၄ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ယင်းလျှောက်လွှာကို လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(၂) လျှောက်ထားချက်ကိုစိစစ်ရန် လိုအပ်သော သတင်းအချက်အလက်များမပြည့်စုံခဲ့လျှင် လျှောက်ထားသူမှ အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ၁၅ ရက်အတွင်း သတင်း အချက်အလက်များ ထပ်မံဖြည့်စွက်ပေးပို့စေရန် ယင်း၏ ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားစာပေးပို့၍ ရွှေ့ဆိုင်းရမည်။

(၃) လျှောက်ထားချက်ကိုလက်ခံရာတွင် အာမခံချက်တစ်ရပ်ကို အကောက်ခွန်ဦးစီးဌာနတွင် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားသူမှပေးရန် သတ်မှတ်နိုင်သည်။

(၄) လျှောက်ထားချက်ကို ငြင်းပယ်ခဲ့လျှင် အကြောင်းပြချက်ကို ရှင်းလင်းစွာဖော်ပြရမည်။

(ခ) လျှောက်ထားသူသည် ပိုမိုတိုတောင်းသော အချိန်ကာလတစ်ခုကို တောင်းဆိုခြင်းမပြုခဲ့လျှင် ပုဒ်မခွဲ (က) ပါ လုပ်ဆောင်မှုများသည် ခြောက်လအထိ သက်ရောက်မှုရှိစေရမည်။

၆၆။ (က) အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၆၅ အရ လျှောက်ထားချက်ကို လက်ခံပြီးနောက်ဖြစ်စေ၊ အကောက်ခွန်ဦးစီးဌာန၏ စစ်ဆေးတွေ့ရှိချက်အရဖြစ်စေ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးချိုးဖောက်ပြီး တင်သွင်းသောပစ္စည်း ဖြစ်သည်ဟု ယူဆနိုင်သော ခိုင်လုံသည့် အထောက်အထားများရှိလျှင် အဆိုပါပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့ထားရမည်။ ယင်းသို့ ဆိုင်းငံ့ထားခြင်းကို လျှောက်ထားသူနှင့် တင်သွင်းသူတို့အား ချက်ချင်းအကြောင်းကြားရမည်။

(ခ) အဆိုပါပစ္စည်းသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေး ချိုးဖောက်ထားသောပစ္စည်းဖြစ်ကြောင်း လျှောက်ထားသူ၏ တောင်းဆိုချက်မှန်ကန်ကြောင်း သက်သေပြရန် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် လျှို့ဝှက်သတင်းအချက်အလက် များအား မပေါက်ကြားစေဘဲ ဆိုင်းငံ့ထားသော ပစ္စည်းများကို လျှောက်ထားသူနှင့် တင်သွင်းသူ တို့အား လုံလောက်သော စစ်ဆေးခွင့်ပြုရမည်။

၆၇။ (က) လျှောက်ထားသူထံ ဆိုင်းငံ့မိန့်ကို အသိပေးအကြောင်းကြားသည့်နေ့မှ ၁၅ ရက်အတွင်း လျှောက်ထားသူက အမှုကိစ္စအမှားအမှန်အပေါ် ဆုံးဖြတ်နိုင်ရန် အရေးယူဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်နေကြောင်း သို့မဟုတ် မူပိုင်ခွင့်တရားရုံးမှ ပစ္စည်းစီးဆင်းမှုဆိုင်းငံ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များသည် ကြန့်ကြာနေကြောင်း အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားခဲ့ခြင်းမရှိလျှင် ယင်းပစ္စည်းကို ကင်းလွတ်ခွင့်ပြုရမည်။ သင့်လျော်သော ကိစ္စရပ်များတွင် ထိုသတ်မှတ်သည့် အချိန်ကာလကို ၁၅ ရက်မကုန်ဆုံးမီ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ဖြင့် ၁၅ ရက် ထပ်မံတိုးနိုင်သည်။

(ခ) ပျက်စီးလွယ်သော ပစ္စည်းဖြစ်ပါက သတ်မှတ်ကာလသည် သုံးရက်ဖြစ်သည်။

၆၈။ ဆိုင်းငံ့မိန့်အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် တင်သွင်းသူသည် ဆိုင်းငံ့မိန့်ကို မကျေနပ်ပါက သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။ မူပိုင်ခွင့်တရားရုံးသည် ပြန်လည်စိစစ်ရန် အခွင့်အရေးတောင်းဆိုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဆိုင်းငံ့ကာလကို ပြင်ဆင်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုလုပ်ရမည်။

၆၉။ မူပိုင်ခွင့်တရားရုံးက စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးချိုးဖောက်ထားသောပစ္စည်းများ မှန်ကန်ကြောင်းဆုံးဖြတ်ခဲ့လျှင် တင်သွင်းသူသည် အဆိုပါပစ္စည်းများအား ထိန်းသိမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်းတို့အတွက် ကုန်ကျစရိတ်များကို အကောက်ခွန်ဦးစီးဌာနသို့ ပေးဆောင်ရမည်။

၇၀။ မူပိုင်ခွင့်တရားရုံးက စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသောပစ္စည်းများမဟုတ်ကြောင်း ဆုံးဖြတ်ခဲ့လျှင် အဆိုပါပစ္စည်းများကို မှားယွင်းစွာဆိုင်းငံ့ခြင်းနှင့် ယာယီထိန်းသိမ်းခြင်းတို့ကြောင့်ဖြစ်ပေါ်သည့် နစ်နာကြေးကို မူပိုင်ခွင့်တရားရုံးမှ သတ်မှတ်ဆုံးဖြတ်သည့် ပမာဏအတိုင်း လျှောက်ထားသူမှ တင်သွင်းသူထံ ပေးဆောင်ရမည်။

၇၁။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးချိုးဖောက်ထားသော ပစ္စည်းများကို စီးပွားရေးအလို့ငှာမဟုတ်ဘဲ ပစ္စည်းတင်သွင်းသူက ကိုယ်ပိုင်သုံးရန်ရည်ရွယ်၍ ခရီးသည်ဝန်စည်အနေဖြင့် ယူဆောင်လာသော ပစ္စည်းများနှင့်သော်လည်းကောင်း၊ နည်းဥပဒေတွင် သတ်မှတ်ဖော်ပြထားသော တင်သွင်းတင်ပို့လာသော ပစ္စည်းများနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ။

၇၂။ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသောပစ္စည်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့်လည်းကောင်း၊ အခြားနိုင်ငံမှ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်လည်းကောင်း၊ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများနှင့်လည်းကောင်း သတင်းအချက်အလက်များဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်သည်။

## အခန်း (၂၂)

## စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးကို ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံး၏ လုပ်ပိုင်ခွင့်များ

၇၃။ (က) အခွင့်အရေးရရှိသူသည် နစ်နာမှုအတွက် တရားမကြောင်းအရ ပုဒ်မ ၇၄ နှင့် ၇၅ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် မူပိုင်ခွင့်တရားရုံးတွင် အထွေထွေမှုလျှောက်ထားနိုင်သည်။

(ခ) အခွင့်အရေးရရှိသူသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူပေးရန် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

၇၄။ (က) မူပိုင်ခွင့်တရားရုံးသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (က) အရ လျှောက်ထားလာပါက တရားမကြောင်းအရ ကုစားဆောင်ရွက်ရန် အောက်ပါ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(၁) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးထိပါးချိုးဖောက်ခြင်းကို ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်အရပ်ရပ်ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီးသည့် သွင်းကုန်ပစ္စည်းများအပါအဝင် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးထိပါးချိုးဖောက်ထားသောပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးရန် သင့်သည် ထင်မြင်သည့်အမိန့်၊

(၂) စွပ်စွဲခံရသော စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်မှုနှင့်သက်ဆိုင်သည့် သက်သေခံအထောက်အထားများကို မူလအခြေအနေ မပျက် ထိန်းသိမ်းထားရန် သင့်သည်ထင်မြင်သည့်အမိန့်၊

(၃) သက်ဆိုင်ရာအကောက်ခွန်ဦးစီးဌာနက ထုတ်ထားသည့်ဆိုင်းငံ့မိန့်ကို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် သို့မဟုတ် အတည်ပြုရန်အမိန့်။

(ခ) မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ပေးရန်အတွက် လျှောက်ထားသူထံမှ အောက်ပါတို့ကို တင်သွင်းရန် ညွှန်ကြားနိုင်သည် -

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ယင်း၏အခွင့်အရေးကို ထိပါးချိုးဖောက် နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန်အလားအလာရှိကြောင်း ထင်ရှားစေရန် ခိုင်လုံသည့် အထောက်အထားများကို တင်ပြစေခြင်း၊

(၂) ယာယီအရေးယူဆောင်ရွက်မှုကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်တားဆီးရန်အတွက် လုံလောက်သည့် အာမခံတင်သွင်းစေခြင်း။

(ဂ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က) ပါ အမိန့်အရ ယာယီအရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသောပစ္စည်းများကို ခွဲခြားသတ်မှတ်နိုင်ရန် နောက်ထပ် လိုအပ်သော မည်သည့်သတင်းအချက်အလက်ကိုမဆို တင်သွင်းရန်လျှောက်ထားသူကို ထပ်မံညွှန်ကြားနိုင်သည်။

(ဃ) မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားတောင်းဆိုခဲ့သည့် ယာယီအရေးယူဆောင်ရွက်ချက် များကို စတင်ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက်နစ်နာမှုအပေါ် အမှုကို အပြီးအပြတ်ဆုံးဖြတ် နိုင်ရန်အတွက် မူပိုင်ခွင့်တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သောကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ယာယီအရေးယူဆောင်ရွက်ရန် အမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တရားစွဲဆိုမှုကို တရားမကြောင်းအရ တရားစွဲဆိုခြင်း မရှိလျှင် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ပုဒ်မ ၇၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (က) တို့အရ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(င) မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ရပ်စဲလျှင်ဖြစ်စေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးထိပါးချိုးဖောက်ခြင်း မရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ လျှောက်ထားခံရသူ၏တောင်းဆိုချက်အရ အဆိုပါအရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် သင့်လျော်သောလျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၇၅။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်သတ် ယာယီအရေးယူ ဆောင်ရွက်သည့်အမိန့်များကို ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူကို ကုစား၍မရနိုင်သော ထိခိုက်နစ်နာမှုကိုဖြစ်စေ တန်ရာသည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများ ပျက်စီးဆုံးရှုံးမည့်အန္တရာယ် အမှန်တကယ်ကျရောက်နေခြင်း။

(ခ) မူပိုင်ခွင့်တရားရုံးသည် တစ်ဖက်သတ်ယာယီအရေးယူဆောင်ရွက်ရာတွင် -

(၁) ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ကို လျှောက်ထားခံရသူထံ အသိပေးအကြောင်းကြားရမည်။

(၂) မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့်အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက် မရှိခဲ့လျှင် အကြောင်းကြားစာထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အကြောင်းကြား ခံရသူက လိုက်နာခြင်းမရှိလျှင် ယင်းအရေးယူဆောင်ရွက်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(ဂ) မူပိုင်ခွင့်တရားရုံးသည် ယင်းအရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့အားဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့်ကာလအတွင်း ဆောင်ရွက်ရမည်။

၇၆။ (က) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တရားမဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (ခ) အရ စွဲဆိုမှုတွင် မူပိုင်ခွင့်တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(၁) အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်အရပ်ရပ်ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီး တင်သွင်း လာမည့် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးထိပါး ချိုးဖောက်ထားသည့်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက် လာခြင်းကို ကာကွယ်တားဆီးခြင်းအပါအဝင် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်မှုအတွက် တားမြစ်သည့်အမိန့်၊

(၂) (ကက) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးထိပါးချိုးဖောက် ခြင်းကြောင့် ဖြစ်ပေါ်လာသော အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံ လုံလောက်သောနစ်နာကြေးကို ပေးဆောင် စေရန်အတွက် ချမှတ်သည့်အမိန့် သို့မဟုတ် သင့်လျော်သော ကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ်တောင်းဆိုထားသော နစ်နာကြေးကိုဖြစ်စေ၊ ချိုးဖောက်သူမှ ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ပေးစေရန် အမိန့်၊

(ခခ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့အပါအဝင် သင့်လျော်သော ကုန်ကျစရိတ်များကို ပေးဆောင်စေရန် အမိန့်။

(၃) အခွင့်အရေးရရှိသူကို ထိခိုက်နစ်နာမှုမရှိစေရန်အလို့ငှာ လျော်ကြေးတစ်စုံတစ်ရာ ပေးဆောင် စေခြင်းမရှိဘဲ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးချိုးဖောက်သော ပစ္စည်းများကို ကုန်သွယ်မှုလမ်းကြောင်းမှဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန်ချမှတ်သည့်အမိန့်၊

(၄) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးချိုးဖောက်ထားသော ပစ္စည်းများပြုလုပ်ရာတွင် အဓိကအသုံးပြုသော ပစ္စည်းကိရိယာ တန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်းမှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့်အမိန့်။

(ခ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) နှင့် (၄) တို့အရ အမိန့်တစ်ခုခုကို ချမှတ်ရန်စဉ်းစားရာတွင် အဆိုပါအမိန့်နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးထိပါးချိုးဖောက်မှုအတိုင်းအတာကို အချိုးညီစွာ ချင့်ချိန်ဆုံးဖြတ် ရမည်ဖြစ်ပြီး အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၇၇။ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးထိပါးချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်တိုင်ကြားကြောင်း ပေါ်ပေါက်လျှင် ယင်းသို့တိုင်ကြားခြင်းကြောင့် မှားယွင်းစွာဟန့်တားခံရသည့် လျှောက်ထားခံရသူကို လျှောက်ထားသူက လျော်ကြေးပေးရမည့်အပြင် လျှောက်ထားခံရသူ၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို လျှောက်ထားသူက ပေးဆောင်စေရန် မူပိုင်ခွင့်တရားရုံးက အမိန့်ချမှတ်နိုင်သည်။

၇၈။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သောကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန် အမိန့်ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူက ယင်း၏တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့်စပ်ဆိုင်သည့် ခိုင်လုံသောသက်သေခံအထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ၎င်းတို့၏ အပြန်အလှန် စွပ်စွဲငြင်းဆိုသည့်အချက်များအပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်း စသည့်ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့် သတင်းအချက်အလက်များကိုရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောအချိန်ကာလအတွင်း လိုအပ်သောသတင်းအချက်အလက်ကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာဟန့်တားလျှင်။

၇၉။ မူပိုင်ခွင့်တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်တွင် ငွေဒဏ်ချမှတ်ခဲ့ပါက ယင်းချမှတ်သော ငွေဒဏ်အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း နစ်နာကြေးအဖြစ် နစ်နာသူအားပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၈၀။ တရားစွဲဆိုရန်အကြောင်းတစ်ရပ်တည်းကိုအခြေပြု၍ ပြစ်မှုကြောင်းနှင့် တရားမကြောင်းနှစ်ရပ်လုံးဖြင့် စွဲဆိုပါက မူပိုင်ခွင့်တရားရုံးသည် တရားမမှုတွင် ထိခိုက်နစ်နာမှုအတွက် နစ်နာကြေးပေးစေရန် စီရင်ချက်၊ အမိန့်နှင့် ဒီကရီချမှတ်သည့်အခါ ပုဒ်မ ၇၉ အရ ချမှတ်သည့်ငွေဒဏ်မှ နစ်နာကြေးအဖြစ်ပေးခဲ့သော ငွေကြေးကို ခုနှိမ်ပေးရမည်။

၈၁။ မူပိုင်ခွင့်တရားရုံးသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးထိပါးချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဤဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် သက်သေခံအက်ဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် အခြားစပ်ဆိုင်သည့် တည်ဆဲဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း (၂၃)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၈၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်ဆယ်သိန်း အောက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) အခွင့်အရေးရရှိသူ၏ သဘောတူခွင့်ပြုချက်မပါဘဲ စီးပွားရေးအလို့ငှာ -

(၁) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေး အကာအကွယ်ပေးခံရသည့်လက်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မူပွားခြင်း၊ အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းနှင့် အများပြည်သူသို့ ဖြန့်ချိခြင်း၊

(၂) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသော ပစ္စည်းများကို လက်ဝယ်ပိုင်ဆိုင်ခြင်း သို့မဟုတ် ရောင်းဝယ်ဖောက်ကားခြင်း၊

(၃) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသော ပစ္စည်းများကို မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းခြင်း၊

(၄) ပုဒ်မ ၄၃ နှင့် ၄၄ တို့ပါ တားမြစ်ထားသော ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း။

(ခ) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသော ပစ္စည်းများထုတ်လုပ်ရာတွင် အဓိကအသုံးပြုလျက်ရှိသော ပစ္စည်းကိရိယာတန်ဆာပလာတစ်ခုခုကို လက်ဝယ်ပိုင်ဆိုင်ခြင်း။

၈၃။ မည်သူမဆို ပုဒ်မ ၈၂ ပါ ပြုလုပ်မှုတစ်ခုခုကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် အဆိုပါပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ၁၀ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ် သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၈၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လက်မှတ် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်စာရင်း သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း။

၈၅။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပူးပေါင်းပါဝင်လျှင်ဖြစ်စေ၊ အားပေး ကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။

## အခန်း (၂၄)
## အထွေထွေ

၈၆။ ဤဥပဒေအရ အကာအကွယ်ပေးသည့် သက်တမ်းကုန်ဆုံးသွားသည့် စာပေ သို့မဟုတ် အနုပညာ လက်ရာ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာလက်ရာကို အများပြည်သူပိုင်ဟု မှတ်ယူရမည်။ ထိုအများပြည်သူပိုင်လက်ရာကို မည်သူမဆို မူလလက်ရာရှင်၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်၏ ခွင့်ပြုချက်မလိုဘဲ လွတ်လပ်စွာအသုံးပြုနိုင်သော်လည်း စာပေ သို့မဟုတ် အနုပညာလက်ရာကို အသုံးပြုသူသည် မူလလက်ရာရှင်၏ အမည်နှင့် ဂုဏ်သိက္ခာဆိုင်ရာ အခွင့်အရေးကို ထိခိုက်ခြင်း မရှိစေရ။

၈၇။ ဤဥပဒေဖြင့်ရုပ်သိမ်းသည့် The Myanmar Copyright Act, 1914 အရ သက်တမ်းမကုန်ဆုံး သေးသော စာပေနှင့် အနုပညာမူပိုင်ခွင့်သည် ဤဥပဒေတွင် သတ်မှတ်ထားသည့် စာပေနှင့် အနုပညာ မူပိုင်ခွင့် သက်တမ်းနှင့်အညီ စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ဆက်လက်ခံစားခွင့် ရှိရမည်။

၈၈။ ဤဥပဒေအာဏာမတည်မီက ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့်အဖွဲ့အစည်း များ၏ ဆက်နွှယ်သည့်အခွင့်အရေးသည် ဤဥပဒေ အခန်း (၁၄) တွင် သတ်မှတ်ထားသည့် သက်တမ်းနှင့် အညီ ခံစားခွင့်ရှိရမည်။

၈၉။ ဤဥပဒေပြဋ္ဌာန်းချက်များသည် ဥပဒေအာဏာစတင်သက်ရောက်မည့်နေ့မတိုင်မီက စာချုပ် ချုပ်ဆိုခဲ့သော လက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များနှင့် ထုတ်လွှင့်ခြင်းတို့အတွက် စာချုပ်စာတမ်း အပေါ် သက်ရောက်မှုမရှိစေရ။

၉၀။ ဤဥပဒေအာဏာသက်ရောက်သည့်နေ့မတိုင်မီ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်၏ ခွင့်ပြုချက်မပါဘဲ အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ပြုလုပ်ထားသော မိတ္တူများကို ဥပဒေအာဏာသက်ရောက်သည့်နေ့မှ နှစ်နှစ်အတွင်း စာပေနှင့် အနုပညာ မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးပိုင်ရှင်၏ ခွင့်ပြုချက်မပါဘဲ ပြည်သူလူထုသို့ ဖြန့်ချိခွင့်ပြုနိုင်သည်။

၉၁။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပြီး တံဆိပ်ရိုက်နှိပ်ထားသော စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လက်မှတ်မိတ္တူ သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာ မှတ်ပုံတင် လက်မှတ်မိတ္တူနှင့် အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်ရာမူပိုင်ခွင့်တရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၉၂။ မူပိုင်ခွင့်တရားရုံးသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေး ချိုးဖောက်ထားသော ပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် ပြစ်မှုကျူးလွန်ခြင်းနှင့်သက်ဆိုင်သော ကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်၊ ဖျက်ဆီးစေရန် သို့မဟုတ် အခြားနည်းဖြင့်ဆောင်ရွက်စေရန် သင့်လျော်သည်ထင်မြင်သည့် စီမံခန့်ခွဲမှုအမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

၉၃။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) တွင် မည်သို့ပင်ပါရှိစေကာမူ စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာလက်ရာကို ပြည်သူလူထု၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ စာအုပ်စာတမ်းများ သို့မဟုတ် သင့်လျော်သောဆောင်ရွက်ချက်များအတွက် နိုင်ငံတော်မှ အသုံးပြုနိုင်သည်။

၉၄။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများဟု သတ်မှတ်သည်။

၉၅။ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့ မဟုတ် ဆက်နွယ်သည့်အခွင့်အရေး အငြင်းပွားသူပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက်ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတ စီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၉၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနသည် ဗဟိုကော်မတီနှင့် အေဂျင်စီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၉၇။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင်နှင့် လုပ်ငန်း အဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ် ပေးရမည်။

၉၈။ ဤဥပဒေပါ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။

၉၉။ ဝန်ကြီးဌာနသည် အေဂျင်စီ၏လုပ်ငန်းတာဝန်များကိုဆောင်ရွက်နိုင်ရန် ဦးစီးဌာနနှင့် ၎င်း၏မူပိုင်ခွင့် ဆိုင်ရာ နယ်ပယ်အလိုက် ဌာနခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၀၀။ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် ဗဟိုကော်မတီနှင့် အေဂျင်စီတို့သည် မူပိုင်ခွင့်ဥပဒေ အားလုံးအတွက် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

၁၀၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးနှင့်သက်ဆိုင်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် -

(၁) နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(၂) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အကောက်ခွန်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နေသောဝန်ကြီးဌာနသည် အကောက်ခွန်ဆိုင်ရာနည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ဃ) အေဂျင်စီနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၁၀၂။ The Myanmar Copyright Act, 1914 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်)

**မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေ (မူကြမ်း)

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၁ ခုနှစ်၊ လ ရက်
(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဆေးပညာရပ်များ**ဆိုသည်မှာ အနောက်တိုင်းနည်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဆေးပညာရပ်၊ သွားနှင့် ခံတွင်းဆိုင်ရာဆေးပညာရပ်၊ သူနာပြုပညာရပ်၊ သားဖွားပညာရပ်၊ ဆေးဝါးပညာရပ်၊ ဆေးဘက်ဆိုင်ရာနည်းပညာရပ်၊ ပြည်သူ့ကျန်းမာရေးပညာရပ်နှင့် အခြေခံကျန်းမာရေးဆိုင်ရာပညာရပ်တို့ကို ဆိုသည်။

(ခ) **ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း**ဆိုသည်မှာ ကျန်းမာမှုအဆင့်မြင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါစစ်ဆေးရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ သုတေသနပြုခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။

(ဂ) **ကြီးကြပ်ရေးကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်နှင့် သင်တန်းကျောင်းများကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်နိုင်ရန်၊

(ခ) ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းပိုင်ခွင့်ရှိသည့် ဆေးပညာရပ်များဆိုင်ရာ တက္ကသိုလ်နှင့် သင်တန်းကျောင်းများ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ရန်၊

(ဂ) ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အပ်နှင်းပိုင်ခွင့်ရှိသော တက္ကသိုလ်နှင့် သင်တန်းကျောင်းများသည် နိုင်ငံတော်ကချမှတ်ထားသော အမျိုးသားပညာရေးမူဝါဒ၊ ကျန်းမာရေးမူဝါဒများနှင့်အညီဖြစ်စေရန်၊

(ဃ) ဤဥပဒေအရ အပ်နှင်းခြင်းမရှိသည့် ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အလွဲအသုံးပြုခြင်းမှ ကာကွယ်ရန်။

## အခန်း (၃)
## မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ကြီးကြပ်ရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

| | | |
|---|---|---|
| ၁။ | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂။ | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဒု-ဥက္ကဋ္ဌ |
| ၃။ | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄။ | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆေးကောင်စီ | အဖွဲ့ဝင် |
| ၅။ | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ | အဖွဲ့ဝင် |

၆။ ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆေးကောင်စီ

၇။ ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ

၈။ ပါမောက္ခချုပ် (သို့မဟုတ်) ကိုယ်စားလှယ် (၁) ဦးစီ — အဖွဲ့ဝင်များ
ဆေးတက္ကသိုလ်များ

၉။ ပါမောက္ခချုပ် (သို့မဟုတ်) ကိုယ်စားလှယ် (၁) ဦးစီ — အဖွဲ့ဝင်များ
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ

၁၀။ ပါမောက္ခချုပ် (သို့မဟုတ်) ကိုယ်စားလှယ် (၁) ဦးစီ — အဖွဲ့ဝင်များ
ဆေးဝါးတက္ကသိုလ်များ

၁၁။ ပါမောက္ခချုပ် (သို့မဟုတ်) ကိုယ်စားလှယ် (၁) ဦးစီ — အဖွဲ့ဝင်များ
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ

၁၂။ ပါမောက္ခချုပ် (သို့မဟုတ်) ကိုယ်စားလှယ် (၁) ဦးစီ — အဖွဲ့ဝင်များ
သူနာပြုတက္ကသိုလ်များ

၁၃။ ပါမောက္ခချုပ် (သို့မဟုတ်) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်

၁၄။ ပါမောက္ခချုပ် (သို့မဟုတ်) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
အခြေခံကျန်းမာရေးတက္ကသိုလ်၊ မကွေး

၁၅။ ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ကြီးကြပ်ရေးကော်မတီကိုလိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းခြင်းဆိုင်ရာမူဝါဒများချမှတ်ခြင်း၊

(ခ) လိုအပ်သော လုပ်ငန်းကော်မတီနှင့် အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီများ၏ ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(ဃ) ဤဥပဒေအရ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများကို အသိအမှတ်ပြုခြင်း၊

(င) သက်ဆိုင်ရာ ဆေးပညာရပ်များအလိုက် ဖွင့်လှစ်ထားသော တက္ကသိုလ်နှင့် သင်တန်းကျောင်းများမှ အပ်နှင်းသော ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ သတ်မှတ်မှုကို စိစစ်ခြင်း။

၆။ (က) ကြီးကြပ်ရေးကော်မတီသည် လုပ်ငန်းကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းရမည်-

၁။ ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝန်ထမ်းရေးရာ) — အဖွဲ့ဝင်
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

၃။ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) — အဖွဲ့ဝင်
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

၄။ ညွှန်ကြားရေးမှူး (သတင်းအချက်အလက်) — အဖွဲ့ဝင်
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

| | | |
|---|---|---|
| ၅။ | ညွှန်ကြားရေးမှူး (သူနာပြု)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၆။ | ဒုတိယညွှန်ကြားရေးမှူးချုပ် (သင်ကြားရေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | အတွင်းရေးမှူး |
| ၇။ | ညွှန်ကြားရေးမှူး<br>(လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| ၈။ | ညွှန်ကြားရေးမှူး<br>(စည်းမျဉ်း၊ စည်းကမ်း/စစ်ဆေးရေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

(ခ) လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လိုအပ်သောအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(၂) ဤဥပဒေအရ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ၏ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းမှုအခြေအနေကို စိစစ်၍ ကြီးကြပ်ရေးကော်မတီသို့ တင်ပြလမ်းညွှန်မှုခံယူခြင်း၊

(၃) ကြီးကြပ်ရေးကော်မတီက ပေးအပ်သောတာဝန်ကို ဆောင်ရွက်ခြင်း။

## အခန်း (၄)
## ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ

၇။ အောက်ဖော်ပြပါ တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများသည် သက်ဆိုင်ရာဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကိုအပ်နှင်းပိုင်ခွင့်ရှိသည် -

(က) ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတက္ကသိုလ်ပညာရေးဥပဒေအရ တည်ထောင်ထားသော တက္ကသိုလ်များ၊

(ခ) ဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ၊

(ဂ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်သော ပုဂ္ဂလိကတက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ။

## အခန်း (၅)
## တားမြစ်ချက်၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ

၈။ မည်သူမျှ အောက်ပါလုပ်ရပ်တစ်ခုခုကို မပြုရ -

(က) ပုဒ်မ ၇ တွင် ဖော်ပြထားသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများမှအပ အခြားဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အပ်နှင်းခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် ပူးပေါင်းပါဝင်ခြင်း သို့မဟုတ် အားပေးကူညီခြင်း။

၉။ မည်သူမျှ ပုဒ်မ ၇ ပါ အပ်နှင်းပိုင်ခွင့်ရှိသော တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများက အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာ လက်မှတ်တစ်ခုခုမရရှိပါက မိမိအမည်နှင့်ယှဉ်တွဲ၍ အဆိုပါ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်အခေါ်အဝေါ်များကို သုံးစွဲဖော်ပြခြင်းမပြုရ။

၁၀။ မည်သူမဆို ပုဒ်မ ၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သိန်း ၅၀ မှ အများဆုံး ကျပ် သိန်း ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၁။ မည်သူမဆို ပုဒ်မ ၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၆ လမှ အများဆုံး ၁ နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၂၅ သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ ထိ ငွေဒဏ်ကိုလည်း ချမှတ်ရမည်။

၁၂။ မည်သူမဆို ပုဒ်မ ၁၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၁ နှစ်မှ အများဆုံး ၃ နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် သိန်း ၅၀ မှ အများဆုံး ကျပ် သိန်း ၁၀၀ ထိ ငွေဒဏ်လည်း ချမှတ်ရမည်။

## အခန်း (၆)
## အထွေထွေ

၁၃။ ဝန်ကြီးဌာနသည် -

(က) ကြီးကြပ်ရေးကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်ကို မိမိဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၁၄။ ဤဥပဒေပုဒ်မ ၁၁ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၁၅။ ဤဥပဒေပါ ပြစ်မှုကို ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုရမည်။

၁၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၇။ The Burma Medical Degrees Act (India Act VII, 1916) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်)

## တံတားကြီးများဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **တံတားကြီးများဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# တံတားကြီးများဥပဒေ
# (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆။)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တံတားကြီးများဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့**ဆိုသည်မှာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့တို့ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ တံတားကြီး တည်ဆောက်ပြုပြင်ထိန်းသိမ်းထားသည့် ဆက်စပ်ဝန်ကြီးဌာနကို ဆိုသည်။

(စ) **သက်ဆိုင်ရာဦးစီးဌာန**ဆိုသည်မှာ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက တံတားကြီးများနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်ထားသည့် ဦးစီးဌာနကို ဆိုသည်။

(ဆ) **ကော်မတီ**ဆိုသည်မှာ တံတားကြီးတည်ဆောက်၊ ပြုပြင်၊ ထိန်းသိမ်းထားသည့် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ဇ) **တံတားကြီး**ဆိုသည်မှာ ပေ ၁၈၀ နှင့်အထက် မော်တော်ယာဉ်ဖြတ်သန်းနိုင်သည့် မြစ် သို့မဟုတ် ချောင်းကူးတံတား၊ ခုံးကျော်တံတားနှင့် မိုးပျံတံတားတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် တံတားကြီးဖြစ်သည်ဟု ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသည့် တံတားများလည်း ပါဝင်သည်။

(ဈ) **မော်တော်ယာဉ်**ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အခြားစွမ်းအင်တစ်မျိုးမျိုးကိုဖြစ်စေ အသုံးပြု၍မောင်းနှင်သော ဘီးတပ်ယာဉ်ကို ဆိုသည်။

(ည) **ရထား**ဆိုသည်မှာ တွဲများချိတ်ဆက်ထားရှိသော သို့မဟုတ် ချိတ်ဆက်ထားခြင်းမရှိသော စက်ခေါင်းကိုသော်လည်းကောင်း၊ နောက်တွဲယာဉ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ သံလမ်းပေါ်မှ အလွယ်တကူဖယ်ရှားခြင်းမပြုနိုင်သော သံလမ်းပြေးယာဉ်ကဲ့သို့သော စက်တပ်ယာဉ်ကိုသော်လည်းကောင်း ဆိုသည်။

(ဋ) **အနှေးယာဉ်**ဆိုသည်မှာ အများပြည်သူဆိုင်ရာလမ်းပေါ်တွင် သွားလာခွင့်ရှိသည့် စက်ဘီး၊ တိရစ္ဆာန်ဆွဲလှည်း၊ လက်တွန်းလှည်း၊ လက်ဆွဲလှည်း၊ ဘေးတွဲ သို့မဟုတ် နောက်တွဲဆိုက်ကားအစရှိသည်တို့ကို ဆိုသည်။

(ဌ) **စက်ယန္တရား**ဆိုသည်မှာ မြေထိုးစက်၊ မြေတင်စက်၊ မြေညှိစက်၊ မြေတူးကော်စက်၊ လမ်းကြိတ်စက်၊ တုန်ခါလမ်းကြိတ်စက်၊ မြေသိပ်သည်းစက်၊ မြေသယ်စက်၊ ကျောက်ခွဲစက်၊ သစ်လုံးတင်စက်၊ ဝန်ချီစက်၊ ဝန်မစက်၊ ကွန်ကရစ်သယ်ယာဉ်၊ နိုင်လွန်ကတ္တရာခင်းစက်အစရှိသည့် ယာဉ်တွင်

တပ်ဆင်ထားသော ဘီးကိုဖြစ်စေ၊ ချိန်းကြိုးကိုဖြစ်စေ၊ တလိမ့်ကိုအသုံးပြု၍ဖြစ်စေ စက်စွမ်းအားဖြင့် ရွေ့လျားမောင်းနှင်နိုင်သည့် စက်ယန္တရားများကို ဆိုသည်။

( ၃ ) **ရေယာဉ်**ဆိုသည်မှာ ရေကြောင်းသွားလာရာ၌ အသုံးပြုသော စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ်အားလုံးကို ဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်၊ ဝါးဖောင်စသည်တို့လည်း ပါဝင်သည်။

( ပ ) **တံတားချဉ်းကပ်လမ်း**ဆိုသည်မှာ တံတားကြီးနှင့်တစ်ဆက်တည်း ဆက်စပ်လျက်ရှိပြီး လမ်းမကြီးနှင့် တံတားဆက်စပ်ထားသည့်လမ်းအစိတ်အပိုင်းကို ဆိုသည်။

(ဏ) **တံတားခံနိုင်ဝန်**ဆိုသည်မှာ သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီက သတ်မှတ်ခွင့်ပြုထားသည့် ယာဉ်နှင့် ကုန်စုစုပေါင်းအလေးချိန်ကို ဆိုသည်။

(တ) **တံတားကြီးနယ်နိမိတ်**ဆိုသည်မှာ တံတားကြီးတည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရန် ဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ အများပြည်သူသိသာမြင်သာစေရန် ထင်ရှားသော အမှတ်အသားတစ်ခုခုစိုက်ထူ၍ သတ်မှတ်ထားသည့် ကုန်းနယ်နိမိတ်နှင့် ရေနယ်နိမိတ်အပိုင်းအခြားတို့ကို ဆိုသည်။

(ထ) **တံတားဆိုင်းဘုတ်**ဆိုသည်မှာ တံတားချဉ်းကပ်လမ်း၊ တံတားကြီးပေါ်နှင့် တံတားကြီးနယ်နိမိတ်အတွင်း ဖော်ပြထားသည့် လမ်းညွှန်ဆိုင်းဘုတ်၊ ခွင့်ပြုမိုင်နှုန်း၊ တံတားခံနိုင်ဝန်ဆိုင်းဘုတ်၊ အန္တရာယ်အသိပေးဆိုင်းဘုတ်နှင့် တံတားအောက်မှဖြတ်သန်းမည့် ရေယာဉ်များအတွက် ရေလမ်းကြောင်းပြလမ်းညွှန်ဆိုင်းဘုတ်နှင့် စည်းကမ်းတကျမောင်းနှင်သွားလာနိုင်ရေးအတွက် တားမြစ်ဆိုင်းဘုတ်ကို ဆိုသည်။

( ဒ ) **တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်း**ဆိုသည်မှာ တံတားကြီးတည်ဆောက်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အစဉ်အမြဲထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေစိုက်သော စခန်းကို ဆိုသည်။

( ဓ ) **တံတားကြီးအင်္ဂါရပ်များ** ဆိုရာတွင် တံတားကြီးတွင် ပါဝင်သည့် တံတားကမ်းကပ်ခုံ၊ ရေလယ်တိုင်၊ အပေါ်ထည် ယာဉ်သွားလမ်းနှင့် လူသွားလမ်း၊ လျှပ်စစ်ဆိုင်ရာပစ္စည်း၊ တံတားဆိုင်းဘုတ်၊ သတိပေးခြင်းဆိုင်ရာ အီလက်ထရောနစ်ကိရိယာ၊ တံတားပေါ်မှ ဖြတ်သွားသော ရထားလမ်း၊ အထောက်အကူပြု တံတားထိန်းသိမ်းရေးစခန်း၊ တံတားအကာအရံနှင့် တံတားအသုံးပြုခကောက်ခံသည့်စခန်း၊ တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးစခန်းတို့ ပါဝင်သည်။

( န ) **သဘာဝဘေးအန္တရာယ်**ဆိုသည်မှာ သဘာဝအလျောက်မီးလောင်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းဖြစ်ပေါ်ခြင်း၊ ဆီးနှင်းပြိုကျခြင်း၊ အပူလှိုင်း သို့မဟုတ် အအေးလှိုင်းဒဏ်ခံရခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ကမ်းပြိုခြင်း စသည်တို့ကို ဆိုသည်။

( ပ ) **လူပုဂ္ဂိုလ်တို့၏ဖျက်ဆီးမှု**ဆိုသည်မှာ အကြမ်းဖက်ခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် ပျက်စီးမှုကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ လူပုဂ္ဂိုလ်၊ မော်တော်ယာဉ်နှင့် ရထားစသည်တို့၏ တံတားပေါ်အသုံးပြုမှုအပေါ် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ တံတားအသုံးပြုခ ကောက်ခံခြင်းတို့ကို စနစ်တကျဆောင်ရွက်နိုင်ရန်၊

( ခ ) တံတားကြီးကို အသုံးပြုသူများ လုံခြုံစိတ်ချပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် တံတားထိန်းသိမ်းရေး၊ ခိုင်ခံ့မှုနှင့်သက်ဆိုင်သော ကိစ္စများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်၊

(ဂ) တံတားကြီးကို အသုံးပြုရာတွင် လုံခြုံစိတ်ချ၍ ဘေးအန္တရာယ်ကင်းစွာခရီးသည်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ် သက်သာကာ နိုင်ငံသားများ၏ လူမှုစီးပွားဘဝတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊

(ဃ) တံတားကြီးကို အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ပြုပြင်ခြင်း၊ ရေရှည်အသုံးပြုနိုင်ရန် ထိန်းသိမ်းခြင်းတို့ဖြင့် နိုင်ငံတော်၏ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်စေရန်။

## အခန်း (၃)
## ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာနသည် တံတားကြီးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံစိတ်ချရစေရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများ ချမှတ်ခြင်း၊

(ခ) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကိုစစ်ဆေးခြင်း၊ တည်ဆောက်ပြီးတံတားများ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ဖျက်သိမ်းခြင်းတို့အတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့် အထူးစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့်တံတားကြီးကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းချမှတ်၍ ဆောက်လုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊

(ဃ) တံတားကြီးဆိုင်ရာ စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) တံတားကြီး ဒီဇိုင်းရေးဆွဲခြင်း၊ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တည်ဆောက်ရေးပစ္စည်း အရည်အသွေးစံနှုန်းသတ်မှတ်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကိုစစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ တံတားအသုံးပြုမှုအတွက် စည်းကမ်းထိန်းသိမ်းခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်း၊ အခြားလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီကိုလမ်းညွှန်ခြင်း၊

(စ) တံတားကြီး ဒီဇိုင်းရေးဆွဲခြင်း၊ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကိုစစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ စံချိန်စံညွှန်းနှင့်စည်းမျဉ်းသတ်မှတ်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအပါအဝင် တံတားကြီးများဆိုင်ရာကိစ္စရပ်များတွင် ဆက်စပ်သော သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာများ၊ အပြည်ပြည်ဆိုင်ရာ၊ နိုင်ငံအချင်းချင်းဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) တံတားကြီးအသုံးပြုရာတွင် လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) တံတားကြီး၏ အမည်သတ်မှတ်ခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဈ) အစိုးရအဖွဲ့က ပေးအပ်သည့်တံတားကြီးဆိုင်ရာ အခြားလုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း၊

(ည) တည်ဆောက်ပြီးတံတားကြီးများ ကြံ့ခိုင်မှုကို သတ်မှတ်ကာလအလိုက် စစ်ဆေးရန် သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီ သို့မဟုတ် သင့်လျော်သည့် အခြားအဖွဲ့အစည်းတစ်ရပ်ရပ်ကို လမ်းညွှန်ခြင်း။

၅။ ဝန်ကြီးဌာနသည် ဤဥပဒေကို အကောင်အထည်ဖော်ရန် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည် -

(က) တံတားကြီး၏ ဒီဇိုင်း၊ တည်ဆောက်မှုနည်းစနစ်၊ အသုံးပြုသောပစ္စည်းများအပေါ် အခြေခံ၍ တံတားအသုံးပြုနိုင်သည့် သက်တမ်းအပိုင်းအခြားကို သတ်မှတ်ကြေညာခြင်း၊

(ခ) တံတားကြီး နယ်နိမိတ်၊ အမည်၊ အမှတ်၊ တည်ရှိသည့်နေရာ၊ တံတားချဉ်းကပ်လမ်းစတင်သည့်နေရာ၊ တံတားကြီးပေါ်သို့ ဝင်ခြင်း၊ တံတားကြီးပေါ်မှ ထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်းနိုင်သည့်နေရာ၊ တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းနေရာ၊ တံတားအသုံးပြုခကောက်ခံမည့်နေရာနှင့် အခြားလိုအပ်သည်တို့ကို သတ်မှတ်ကြေညာခြင်း၊

(ဂ) တံတားကြီး၏ ဒီဇိုင်းရေးဆွဲခြင်း၊ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကိုစစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်းတို့အတွက် စီမံကိန်းများရေးဆွဲခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ ကျွမ်းကျင်သူများ သို့မဟုတ် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) တံတားကြီးပြုပြင်ထိန်းသိမ်းရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(င) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ -

(၁) တည်ဆဲဥပဒေများနှင့်အညီ အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပဋိညာဉ်ချုပ်ဆို၍ လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် စည်းကမ်းချက်များသတ်မှတ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(၂) အနည်းဆုံး လိုအပ်သည့်မြေယာ သိမ်းယူခြင်း၊ အဆောက်အအုံဖယ်ရှားခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာဒေသ၏ လွှတ်တော်ကိုယ်စားလှယ်များ၊ အခြားဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(၃) ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာဖလှယ်ခြင်း၊ ချေးငွေနှင့် အထောက်အပံ့အကူအညီရရှိရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်း၊

(၄) ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးသက်ရောက်မှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆန်းစစ်စေခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၅) သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(စ) တံတားကြီးပေါ်ဖြတ်သန်း၍ ရေနံနှင့် ဓာတ်ငွေ့ပိုက်၊ ရေပိုက်၊ လျှပ်စစ်မီးကြိုး၊ ဆက်သွယ်ရေးလိုင်း တစ်စုံတစ်ရာဆောက်လုပ်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ဆ) တံတားကြီး နယ်နိမိတ်အတွင်း အဆောက်အအုံ၊ တာဝါတိုင်၊ မြေအောက်ပိုက်လိုင်း၊ ဆက်သွယ်ရေးဆိုင်ရာ ကြိုးလိုင်းများဆောက်လုပ်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ဇ) တံတားကြီး၏ ရေဆန်ဘက်နှင့် ရေစုန်ဘက်တွင် သတ်မှတ်ထားသော အကွာအဝေးအတွင်း တံတား၏ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သော သဲ၊ ကျောက်စရစ် တူးဖော်ခြင်းကို တားမြစ်ခြင်း၊ ရေယာဉ်ဆိပ်ကမ်းအဖြစ် အသုံးပြုခြင်း၊ ဘေးဖြစ်စေတတ်သော ဓာတုဗေဒပစ္စည်းများ၊ စက်သုံးဆီ

သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ဈ) တံတားကြီးဆိုင်ရာကိစ္စရပ်များတွင် ဒေသဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာ အဆင့်တို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း။

## အခန်း (၄)

## သက်ဆိုင်ရာဦးစီးဌာန၊ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှုခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) တံတားကြီး ဒီဇိုင်းရေးဆွဲခြင်း၊ အသစ်တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကိုစစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ အလေးချိန်ကတ္တား တပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ နှစ်တိုနှစ်ရှည် စီမံချက်များ၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ဂ) တံတားကြီးဆိုင်ရာ စီမံကိန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးရေး အတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) တံတားကြီးနယ်နိမိတ်အတွင်းနှင့် တံတားကြီးများပေါ်တွင် ဘေးအန္တရာယ်ကင်းရှင်းစေရေး စီစဉ် ဆောင်ရွက်ခြင်း၊

(င) တံတားကြီးနယ်နိမိတ်ကို အများပြည်သူသိသာမြင်သာစေရန် အမှတ်အသားတစ်ခုခုဖြင့် အခိုင်အမာစိုက်ထူခြင်း၊

(စ) တံတားကြီး တံတားအသုံးပြုခနှုန်းထားများကို သက်ဆိုင်ရာမှတစ်ဆင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ခြင်း၊

(ဆ) တံတားကြီးအင်္ဂါရပ်များကို အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီး ကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် ဖျက်သိမ်းခြင်း ဆောင်ရွက်ခြင်း၊ တံတားကြီးပေါ်၌ ဖြတ်သန်းသွားလာမှုကို လိုအပ်ပါက ယာယီအစီအစဉ်အရ ပိတ်ခြင်း၊ အချိန် ကာလသတ်မှတ်၍ ပိတ်ထားခြင်းနှင့် တံတားခေတ္တပိတ်ထားစဉ်တွင် သွားလာရန် လမ်းလွှဲပြုလုပ် ပေးခြင်းနှင့် လမ်းလွှဲတံတားဖောက်လုပ်ခြင်း၊

(ဇ) တံတားကြီးအင်္ဂါရပ်များ သတ်မှတ်ချက်နှင့်အညီ ပြည့်စုံညီညွတ်မှုကို အချိန်ဇယားသတ်မှတ်၍ စိစစ်ခြင်း၊ တံတားကြီးပျက်စီးခြင်းမှကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များ ထုတ်ပြန်ခြင်း၊

(ဈ) တံတားကြီးပေါ်တွင် အများဆုံးမောင်းနှင်ခွင့်ပြုမည့် တံတားခံနိုင်ဝန်နှင့် အများဆုံးခွင့်ပြုနိုင်သည့် မော်တော်ယာဉ်၊ စက်ယန္တရားနှင့်ရထားများ၏ အတိုင်းအတာကို သတ်မှတ်ကြေညာခြင်း၊

(ည) တံတားကြီးပေါ်တွင် မော်တော်ယာဉ်၊ ရထားနှင့် အခြားယာဉ်များ မောင်းနှင်ရမည့်အမြန်နှုန်းနှင့် လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဋ) တံတားကြီးပေါ်၌ မော်တော်ယာဉ်၊ ရထားနှင့် အခြားယာဉ်များ မတော်တဆမှုများ၊ ဒုစရိုက်မှုများ လျော့နည်းစေရေး၊ အညစ်အကြေးနှင့် အမှိုက်စွန့်မှုများမပြုလုပ်ရေး၊ တံတားအစိတ်အပိုင်းများ မဖျက်ဆီးနိုင်ရေးတို့အတွက် အစိုးရဌာနများ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ သက်ဆိုင်ရာအဖွဲ့ အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဌ) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်း

တို့နှင့်စပ်လျဉ်း၍ အများပြည်သူဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ သတိပေးခြင်း၊ သတင်းထုတ်ပြန် အသိပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ဍ) သဘာဝဘေးအန္တရာယ်နှင့် လူပုဂ္ဂိုလ်တို့၏ ဖျက်ဆီးမှုများမှအပ တံတားကြီး၏ အရည်အသွေး မပြည့်မီမှုကြောင့် ပျက်စီးမှုများပေါ်ပေါက်လာပါက သက်ဆိုင်ရာ တည်ဆောက်သူများနှင့် အရည် အသွေးစစ်ဆေးသူများက တာဝန်ခံနိုင်ရေးအတွက် ကြီးကြပ် ကြပ်မတ်ဆောင်ရွက်ခြင်း။

## အခန်း (၅)
## စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များ

၇။ တံတားကြီးကို အသုံးပြုသူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် -

(က) တံတားကြီးပေါ်တွင် သတ်မှတ်ထားသော လမ်းညွှန်ဆိုင်းဘုတ်များအတိုင်း ဝင်ခြင်း၊ ထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်းသွားလာခြင်း၊

(ခ) တံတားကြီးပေါ်တွင် သတ်မှတ်ချက်များနှင့်ကိုက်ညီသော မော်တော်ယာဉ်နှင့် စက်ယန္တရား အမျိုးအစားများသာ မောင်းနှင်ခြင်း၊ လူများသည် လူသွားစင်္ကြံလမ်းအတိုင်းသာ အသုံးပြုခြင်း၊

(ဂ) တံတားကြီးအောက်ရှိ ရေလမ်းကြောင်းများတွင် ဖြတ်သန်းသွားလာသော ရေယာဉ်များသည် သတ်မှတ်ရေလမ်းကြောင်းများမှ သတ်မှတ်ချက်များအတိုင်း သွားလာခြင်း၊

(ဃ) သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီက အခါအားလျော်စွာ ထုတ်ပြန်ထားသည့် တံတားကြီးများ အသုံးပြုခြင်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာခြင်း။

၈။ တံတားကြီးများကို အသုံးပြုသော မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထားနှင့် အနှေးယာဉ်များသည်-

(က) သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီက ခွင့်ပြုသည့် ဝန်အလေးချိန်၊ အတိုင်းအတာ၊ သတ်မှတ်အမြန်နှုန်းနှင့် သတ်မှတ်အကွာအဝေးအတိုင်း မောင်းနှင်ရမည်။

(ခ) လိုအပ်သည့်နေရာများ၊ တံတားအကွေ့နေရာများတွင် သတိပေးညွှန်ပြထားသည့်အတိုင်းသာ မောင်းနှင်ရမည်။

(ဂ) ရာသီဥတုဆိုးရွား၍ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ မြင်ကွင်းမကောင်းသည့် အခါများတွင် ဘေးအန္တရာယ်ကင်းရှင်းနိုင်သည့် သတ်မှတ်အမြန်နှုန်းထက်ပိုမမောင်းရ။

(ဃ) တံတားကြီးပေါ်တွင် တာဝန်မှအပ မည်သည့်အကြောင်းကြောင့်မှ ရပ်ခြင်း၊ ရပ်ဆိုင်းခြင်းမပြုရ။ စက်ချို့ယွင်း၍ ရပ်နားရလျှင် အမြန်ဆုံးဖယ်ရှားပေးရမည်။

(င) သတ်မှတ်ချက်ထက် ကျော်လွန်မှုများရှိပါက အကျိုးအကြောင်းခိုင်လုံစွာဖြင့် ဝန်ကြီးဌာနထံ ကြိုတင် တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

## အခန်း (၆)
## တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းများ

၉။ သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီသည် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် တံတားကြီးနယ်နိမိတ်အတွင်းတွင် -

(က) တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းကို တည်ဆောက်ခြင်း၊ တည်ဆောက်စေခြင်း ပြုနိုင်သည်။

(ခ) တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းများတွင် သိုလှောင်ရုံ၊ အလုပ်ရုံ၊ အုပ်ချုပ် ထောက်ပံ့မှုနှင့် လုံခြုံရေးအတွက် လိုအပ်သည့်အဆောက်အအုံကို တည်ဆောက်ခြင်း၊ တည်ဆောက် ခွင့်ပြုခြင်း၊ ယင်းကို စီမံခန့်ခွဲခြင်း၊ လိုက်နာရမည့်အချက်များ သတ်မှတ်ခြင်းပြုနိုင်သည်။

(ဂ) တံတားတည်ဆောက်ရေးဝန်ထမ်းများ ယာယီနေထိုင်ရန် အထောက်အကူပြုအဆောက်အအုံ ဆောက်လုပ်နိုင်သည်။

## အခန်း (၇)
## တားမြစ်ချက်များ

၁၀။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ တံတားကြီးအဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းစသည့် လုပ်ငန်းဆောင်ရွက်နေသော တံတားကြီးများပေါ်တွင် မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထား သို့မဟုတ် အနေးယာဉ်ကို ရပ်နားခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းမပြုရ။

၁၁။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရ -

(က) တံတားကြီးအင်္ဂါရပ်များကို ရည်ရွယ်ချက်ဖြင့် တမင်ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ ပေါ့လျော့မှုကြောင့် ပျက်စီးစေခြင်း၊ တံတားရေရှည်တည်တံ့ခိုင်မြဲမှုကို ထိခိုက်စေမည့် အပြုအမူများ ပြုလုပ်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်နှင့် လူပုဂ္ဂိုလ်တို့၏ ဖျက်ဆီးမှုများမှအပဖြစ်သည့် တံတားကြီး၏ အရည်အသွေး၊ စံချိန်စံညွှန်းလျော့နည်း၍ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ အရည်အသွေး စစ်ဆေးရာတွင် သိလျက်နှင့် တမင်ထိမ်ချန်ဆောင်ရွက်ခြင်း၊

(ဂ) တံတားကြီးအင်္ဂါရပ်များကို ဖယ်ရှားခြင်း သို့မဟုတ် မော်တော်ယာဉ်နှင့် လူများသွားလာမှုကို အဟန့်အတားဖြစ်စေခြင်း၊

(ဃ) တံတားကြီး နယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက် စိုက်ပျိုးခြင်း၊ နေထိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊

(င) တံတားကြီးအသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(စ) တံတားကြီးပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုကြောင်း သတ်မှတ်ထားသည့် မော်တော်ယာဉ်၊ ရထား၊ စက်ယန္တရား၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါယာဉ်၊ သတ်မှတ်ခွင့်ပြုထားသည့် တံတားခံနိုင်ဝန်ထက် ပိုမိုသောယာဉ်များ မောင်းနှင်ခြင်း၊

(ဆ) တံတားကြီး နယ်နိမိတ်အတွင်း၌ ဓာတ်ငွေ့ သို့မဟုတ် စက်သုံးဆီ အရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်း၊

(ဇ) တံတားကြီးနယ်နိမိတ်အတွင်း ရေယာဉ်ဆိုက်ကပ်ခြင်း၊ ကုန်ပစ္စည်းနှင့် လူအတင်အချပြုလုပ်ခြင်း၊ အခြားနည်းအသုံးပြုခြင်း၊

(ဈ) တံတားကြီးပေါ်တွင် အညစ်အကြေးစွန့်ခြင်း၊ အမှိုက်စွန့်ပစ်ခြင်း၊ တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုဖွဲ့၍သော်လည်းကောင်း စားသောက်နေထိုင်ခြင်း၊ သောက်စားမူးယစ်ရမ်းကားခြင်း၊

(ည) တံတားကြီးပေါ်တွင် မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထားနှင့် အနေးယာဉ်သွားလာမှုကို အနှောင့်အယှက်ဖြစ်စေခြင်း၊ ဈေးရောင်းခြင်း၊

(ဋ) တံတားကြီးနယ်နိမိတ်အတွင်း သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း၊ လက်ကမ်းကြော်ငြာများကပ်ခြင်း၊

(ဌ) တံတားကြီးကို အသုံးပြုသွားလာနေသည့် မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထားနှင့် အနေးယာဉ် စီးနင်းလိုက်ပါသူများကို အန္တရာယ်ဖြစ်စေရန် ဆောင်ရွက်ခြင်း၊

(ဍ) တံတားကြီး အစိတ်အပိုင်းများအပေါ်တွင် ပန်းချီရေးဆွဲခြင်း၊ စာရေးသားခြင်း သို့မဟုတ် ညစ်ပေစေခြင်း၊

(ဎ) တံတားကြီး၏ လူသွားစင်္ကြံကို အသုံးပြုသူများအား နှောင့်ယှက်တားဆီးခြင်း၊ အန္တရာယ်ဖြစ်စေရန် ဆောင်ရွက်ခြင်း။

၁၂။ မည်သူမျှ ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရ -

(က) တံတားကြီးပေါ်ဖြတ်သန်း၍ ရေနံနှင့် ဓာတ်ငွေ့ပိုက်၊ ရေပိုက်၊ လျှပ်စစ်မီးကြိုး၊ ဆက်သွယ်ရေးဆိုင်ရာကြိုးလိုင်း တစ်စုံတစ်ရာ ဆောက်လုပ်ခြင်း၊ သွယ်တန်းခြင်း၊

(ခ) တံတားကြီးနယ်နိမိတ်အတွင်း အဆောက်အအုံ၊ တာဝါတိုင်၊ မြေအောက်ပိုက်လိုင်း၊ ဆက်သွယ်ရေးဆိုင်ရာ ကြိုးလိုင်းများ ဆောက်လုပ်ခြင်း၊ သွယ်တန်းခြင်း၊

(ဂ) တံတားကြီး၏ ရေဆန်ဘက်နှင့် ရေစုန်ဘက်တွင် သတ်မှတ်ထားသော အကွာအဝေးအတွင်း သဲ၊ ကျောက်စရစ်တူးဖော်ခြင်း၊ ရေယာဉ်ဆိပ်ကမ်းအဖြစ် အသုံးပြုခြင်း၊ ဘေးဖြစ်စေတတ်သော ဓာတုဗေဒပစ္စည်းများ၊ စက်သုံးဆီ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း။

## အခန်း (၈)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၃။ မည်သူမဆို ပုဒ်မ ၁၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၁၄။ မည်သူမဆို -

(က) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ပါက ယင်းပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်။

(ခ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ)၊ (စ)၊ (ဆ)၊ (ဋ) နှင့် (ဎ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ပါက ယင်းပျက်စီးဆုံးရှုံးမှု တန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်။

(ဂ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဃ)၊ (င)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဌ) နှင့် (ဍ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ပါက ယင်းပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်။

၁၅။ မည်သူမဆို ပုဒ်မ ၁၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ် သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည့်အပြင် တံတားကြီး ဆိုင်ရာ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ပါက ယင်းပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်။

၁၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင် ထိုပြစ်မှုအတွက် သီးခြားပြစ်ဒဏ် ပြဋ္ဌာန်းထားခြင်း မရှိပါက ထိုသူကို အနည်းဆုံး ကျပ် ငါးသောင်းမှ အများဆုံး ကျပ် သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ပါက ယင်းပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်။

## အခန်း (၉)
## အထွေထွေ

၁၇။ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်နှင့် အရေးပေါ်ကိစ္စရပ်များအတွက် အသုံးပြုသည့်ယာဉ်သည် တံတားပေါ်တွင် အန္တရာယ်မဖြစ်နိုင်သည့် သတ်မှတ်အမြန်နှုန်းဖြင့် မောင်းနှင်ရမည်။

၁၈။ လုံခြုံရေး လိုအပ်ချက်အရ ဆောင်ရွက်ရန်လိုအပ်သော မိုင်းရှင်းခြင်း၊ မိုင်းခင်းခြင်း၊ မိုင်းရှာခြင်းလုပ်ငန်း စဉ်များ ဆောင်ရွက်ခြင်းနှင့် လုံခြုံရေးစခန်းများချထားခြင်းအား ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၉။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုသည် မိမိဌာန၊ အဖွဲ့အစည်း၏ လုပ်ငန်းလိုအပ်ချက်အရ တံတားကြီးကိုဖြတ်သန်း၍ တံတားပေါ်တွင် ရေနံနှင့် ဓာတ်ငွေ့ပိုက်၊ ရေပိုက်၊ လျှပ်စစ်မီးကြိုး၊ ဆက်သွယ်ရေးဆိုင်ရာ ကြိုးလိုင်းတစ်စုံတစ်ရာ ဆောက်လုပ်ခြင်း၊ သွယ်တန်းခြင်း ပြုလုပ်လိုပါက ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်း၍ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

၂၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၁။ သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့သည် ဤဥပဒေပါ ပြစ်မှုများ မဖြစ်ပွားရေးအတွက် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ပြစ်မှုများ ဖြစ်ပွားပါက ဥပဒေနှင့်အညီ အရေးယူခြင်းတို့အတွက် ပူးပေါင်းဆောင်ရွက်ရမည်။

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) သက်ဆိုင်ရာ ဦးစီးဌာန သို့မဟုတ် ကော်မတီသည် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ဃ) ကော်မတီသည် နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၈၉/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

### ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်နှစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှစ်ဦးနေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

(၁) အဖွဲ့ဝင် (၁) နေရာတွင် ဦးလိန်းခွဲရှိန်း **အစား** ဒေါ်ကီးလှီး

(၂) အဖွဲ့ဝင် (၄) နေရာတွင် ဦးယောမာန် **အစား** ဦးရှိန်းကြား

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၉၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၃) နေရာ၌ ဒေါ်ဒိုဇွာလ် **အစား** ဒေါ်ကြာထွေး ကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၉၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်နှစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှစ်ဦးနေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

(၁) အဖွဲ့ဝင် (၁) နေရာတွင် ဦးရွှေစိန်မောင် **အစား** ဦးကိုးအောင်

(၂) အဖွဲ့ဝင် (၄) နေရာတွင် ဦးခင်အောင် **အစား** ဦးအေးသာ

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၉၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၁) နေရာ၌ ဦးရာပဲန်း **အစား** ဦးလျန်ကျုံး ကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၉၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

### ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၁) နေရာ၌ ဦးဒင်လျန် **အစား** ဦးဗျက်ကျုံး ကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၉၄/ ၂၀၁၉)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၄) နေရာ၌ ဦးအောင်မြင့် **အစား** ဦးမောင်ဝင်း ကို စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၉၅/ ၂၀၁၉)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်နှစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှစ်ဦး နေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များကို စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

(၁) အဖွဲ့ဝင် (၄) နေရာတွင် ဒေါ်မော်မော်ဝင်း **အစား** ဦးစောလှထွန်း

(၂) အဖွဲ့ဝင် (၅) နေရာတွင် ဒေါ်စန်းစန်းမြင့် **အစား** ဦးသန်းမြင့်

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၉၆/ ၂၀၁၉)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ရွေးကောက်ပွဲ

ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးနေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

| | | | | | |
|---|---|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | နေရာတွင် | ဦးကြီးထန်း | **အစား** | ဦးကြီးအွမ် |
| (၂) | အဖွဲ့ဝင် (၁) | နေရာတွင် | ဦးကြီးအွမ် | **အစား** | ဦးခိုန်နိုင်း |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

### ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အဖွဲ့ဝင်ခန့်အပ်ခြင်း

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၇) ဖြင့် ဖွဲ့စည်းထားသည့် ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အဖွဲ့ဝင်အဖြစ် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူး ဦးထွန်းဇော် အား ခန့်အပ်တာဝန်ပေးလိုက်သည်။

သောင်းထွန်း
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ခရီးသွားလုပ်ငန်းကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

### ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးဖြိုးမင်းသိန်း | ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်နော်ပန်းသဉ္ဇာမျိုး | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးမျိုးအောင်ငွေး | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ရဲမှူးချုပ် မျိုးမင်းထိုက် | ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (င) | ဒေါ်နန်းလောင်ဝ်ဝင်း | ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (စ) | ဦးစောနိုင် | တိုင်းဒေသကြီးဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ခင်သီတာတင် | တိုင်းဒေသကြီးဦးစီးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဇ) | ဦးကျော်မင်း | ဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဈ) | ဦးအုန်းမြင့် | ခရီးသွားလုပ်ငန်းတတ်သိပညာရှင် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ည) | ဒေါ်သိဂီလင်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် အတွင်းရေးမှူး၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) | အဖွဲ့ဝင် |
| (ဋ) | ဦးလင်းထိန် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) ခရီးသွားလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဌ) | ဒေါက်တာ နေဇော်အောင် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဍ) | ဦးနိုင်ဝင်း | တာဝန်ခံ၊ ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

အုန်းမောင်
ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ခရီးသွားလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

## ဧရာဝတီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဧရာဝတီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါ အတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးလှမိုးအောင် | ဝန်ကြီးချုပ်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်မြင့် | စည်ပင်သာယာရေးဝန်ကြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးသန်းဆွေဝင်း | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဘုန်းလွင် | ညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (င) | ဦးမြင့်ဦး | ညွှန်ကြားရေးမှူး၊ (မြို့ပြ) ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးအောင်ခိုင်စိုး | ညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးနေမင်းထက် | ညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဝင်းမြင့် | တိုင်းဦးစီးမှူး၊ ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးကျော်ခိုင် | ခရီးသွားလုပ်ငန်းတတ်သိပညာရှင် ဒုတိယဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ည) | ဦးမြင့်သိန်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် စွမ်းဟိုတယ်လုပ်ငန်းပိုင်ရှင် | အဖွဲ့ဝင် |
| (ဋ) | ဦးကျော်ဟိုး | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် အဖွဲ့ဝင်၊ ဟိုတယ်လုပ်ငန်းရှင်များ (ချောင်းသာဇုန်) | အဖွဲ့ဝင် |
| (ဌ) | ဦးလှိုင်မွန် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် အဖွဲ့ဝင်၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်) | အဖွဲ့ဝင် |
| (ဍ) | ဦးဇော်လင်းထွန်း | တာဝန်ခံ၊ ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

အုန်းမောင်
ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ခရီးသွားလုပ်ငန်းကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၉

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

### မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါ အတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာဇော်မြင့်မောင် | ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဦးမြတ်သူ | တိုင်းဒေသကြီးဝန်ကြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးဇော်တင်မိုး | ခေတ္တတိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ရဲမှူးကြီး မြင့်ဦး | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (င) | ဒေါ်စိုးစိုးဝင်း | ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) | အဖွဲ့ဝင် |
| (စ) | ဦးအောင်အောင်ကျော် | ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) | အဖွဲ့ဝင် |
| (ဆ) | ဦးတင့်ဆွေ | ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးကျော်ယဉ်ဦး | ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးကျော်မျိုးကို | ခရီးသွားလုပ်ငန်းတတ်သိပညာရှင် အုပ်ချုပ်မှုဒါရိုက်တာ၊ (Myanmar Upper Land Co., Ltd) | အဖွဲ့ဝင် |
| (ည) | ဦးမင်းနိုင် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မန္တလေးဇုန် | အဖွဲ့ဝင် |

(ဋ) ဦးသကြ်န်ကျော် ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ မန္တလေးဇုန်

(ဌ) ဒေါ်မြတ်မြတ်ခိုင် ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ အမှတ်တရပစ္စည်းအရောင်းလုပ်ငန်းရှင်များ
အသင်း၊ မန္တလေးဇုန်

(ဍ) ဦးခင်မောင်ရွှေ တာဝန်ခံ၊ မန္တလေးတိုင်းဒေသကြီး အတွင်းရေးမှူး
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

အုန်းမောင်
ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၁၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ (စ/၀၅၉၈) ညွှန်ကြားရေးမှူး ဦးကံရှိန် အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ညွှန်ကြားရေးမှူး) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၁၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၁၉ အရ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ (က ၄၁၉၃) ညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုး အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ညွှန်ကြားရေးမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၁၅/၂၀၁၉)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၁၉ အရ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနမှ (မ ၀၀၂၄) ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ညွှန်ကြားရေးမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ကာကွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

၁။ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတကာနှင့် ပြည်တွင်းရေးရာဦးစီးဌာနမှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဟန် အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ (၈၁) တို့အရ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ မေလ ၁၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဟန် အား ခံစားခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကာကွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

အမှတ် ၉၄ ။ ။ ဤဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၅)၊ ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၂) နှင့် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၀) တို့ဖြင့် ဖွဲ့စည်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီတွင် အဖွဲ့ဝင် ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးမန်နေဂျာ၊ တိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး **အစား** ဦးကျော်ဝင်း၊ တိုင်းဒေသကြီးမန်နေဂျာ၊ တိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီးဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၁၅၉/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ နန္ဒဝန်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၆၆၈-ကြိုးဆွဲကွင်း၊ ၆၆၉-ကံပြားလေးကွင်း)၊ ဦးပိုင်အမှတ် (၆၆၈-၁၀၃၊ ၆၆၉-၈၊ ၁၀/၁၊ ၆၆၈-၁၀၃/၂၊ ၆၆၉-၈/၁၊ ၁၀/၂) ရှိ **သဒ္ဓမ္မဇောတကသုဇောဓာရုံကျောင်းတိုက်** အခွန်အလွတ်သာသနာ **မြေဧရိယာ ၅. ၉၆၃ ဧက** အနက်မှ **၀. ၀၆၉ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု

ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ **သိမ်ဒါယကာ ဦးဆန်းထွန်းအောင် [၅/မရန (နိုင်) ၀၀၃၆၅၇]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၁၆၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကွဲရှင်း အ. လ. က (ခွဲ) သို့ လွှဲပြောင်းပေးရန် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိ မြို့နယ်၊ မင်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၈၉၁/ မြို့ဟောင်းကွင်း၊ မြေအမျိုးအစား - လယ်မြေ၊ ဦးပိုင်အမှတ် (၁၈) ရှိ **မြေဧရိယာ ၁. ၂၉ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၃၄၁/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ နေပြည်တော်စည်ပင်သာယာရေးကော်မတီက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၂၉ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၁၆၇/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ၂၀-၁၂-၂၀၁၈၊ ၂၁-၁၂-၂၀၁၈ နှင့် ၂၃-၁-၂၀၁၉ ရက်နေ့တို့တွင် အသုံးပြုရန်မရှိသည့်အတွက် ရခိုင်ပြည်နယ်၊ မောင်တော ခရိုင်၊ ဘူးသီးတောင်မြို့နယ်၊ သံတွဲခရိုင်၊ ဂွမြို့နယ်၊ စစ်တွေခရိုင်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကျောက်ဖြူခရိုင်၊ အမ်းမြို့နယ်တို့အတွင်းရှိ အောက်ဖော်ပြပါ **စုစုပေါင်းမြေဧရိယာ ၈. ၉၃၈ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၂၇၂/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉၊ ၂၇၃/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉၊ ၂၇၆/၁-ကော်မတီ/ မြေ (ဗဟို)/၂၀၁၉၊ ၂၇၇/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉၊ ၂၇၈/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉၊ ၂၇၉/၁-ကော်မတီ/ မြေ (ဗဟို)/၂၀၁၉ နှင့် ၂၈၀/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ တို့ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည် -

| စဉ် | မြို့နယ် | ရပ်ကွက်၊ ကျေးရွာ အုပ်စုအမည် | ကွင်းအမှတ်၊ အမည် | ဦးပိုင်၊ မြေကွက် အမှတ် | မြေအမျိုး အစား | မြေ ဧရိယာ ဧက | စွန့်လွှတ်သည့် အကြောင်းအရာ | မှတ် ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ဘူးသီးတောင် | ပန်းဘဲချောင်း ကျေးရွာအုပ်စု | ၃၁၀/မညင်း တောင် | ၂၃ | မြေလွတ် | ၁. ၆ | ပိုလျှံ၍စွန့်လွှတ်ခြင်း | |
| ၂ | ဘူးသီးတောင် | အထက်ကွဲကြိုမော် ကျေးရွာအုပ်စု | ၂၄၈/ အထက် ကွဲကြိုမော် | - | မြေလွတ် | ၁. ၉၀ | ပိုလျှံ၍စွန့်လွှတ်ခြင်း | |
| ၃ | ဘူးသီးတောင် | ငရန့်ချောင်း ကျေးရွာအုပ်စု | ၂၈၃-C/ ငရန့်ချောင်း | ၂၁၇+၂၁၈+ ၂၁၉+၂၂၁ | ယာမြေ | ၁. ၃၈ | ပိုလျှံ၍စွန့်လွှတ်ခြင်း | |
| ၄ | ဂွ | ကင်းရုံး ရပ်ကွက် | ၃/ကင်းရုံး/ ဂွမြို့ | ၇ | မြို့မြေ၊ ကမ်းခြေ ပတ်လမ်း | ၀. ၁၇၉ | ပိုလျှံ၍စွန့်လွှတ်ခြင်း | |
| ၅ | ဂွ | ဆပ်သွား ရပ်ကွက် | ၃/ဆပ်သွား ကွက်သစ် | ၆၃ အနက်မှ | ရွာမြေ | ၀. ၅၈ | ပိုလျှံ၍စွန့်လွှတ်ခြင်း | |

| စဉ် | မြို့နယ် | ရပ်ကွက်၊ ကျေးရွာ အုပ်စုအမည် | ကွင်းအမှတ်၊ အမည် | ဦးပိုင်၊ မြေကွက် အမှတ် | မြေအမျိုး အစား | မြေ ဧရိယာ ဧက | စွန့်လွှတ်သည့် အကြောင်းအရာ | မှတ် ချက် |
|---|---|---|---|---|---|---|---|---|
| ၆ | ပုဏ္ဏားကျွန်း | စံပြရပ်ကွက် | ၆၂၇/ ပြင်ခေါင် | ၇၇၁၊ ၇၇၂၊ ၇၇၃၊ ၇၇၅၊ ၇၇၆ | မြို့မြေ | ၂. ၇၉၉ | ပိုလျှံ၍စွန့်လွှတ်ခြင်း | |
| ၇ | အမ်း | လောင်းဒိုကွင်း ကျေးရွာအုပ်စု | ၂၅၃/လုတ် လက်ျာကွင်း | - | မြေလွတ် | ၀. ၅၀ | ပိုလျှံ၍စွန့်လွှတ်ခြင်း | |
| | | | စုစုပေါင်းမြေဧရိယာ | | | ၈. ၉၃၈ | | |

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **စုစုပေါင်းမြေဧရိယာ ၈. ၉၃၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၁၆၈/၂၀၁၉)

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆပ်ပြာစက်ရုံ (မန္တလေး) က အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးသို့ လွှဲပြောင်းပေးရန်အတွက် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ ကွင်းအမှတ်/အမည် (၄၀၇)၊ မြေအမျိုးအစား-L၊ ဦးပိုင်အမှတ် (၇-င၊ ၈-ခ) ရှိ မူလရှိ **မြေဧရိယာ ၄. ၃၁ ဧက** အနက် **မြေဧရိယာ ၁. ၂၉၃၆ ဧက** ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၅၉/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆပ်ပြာစက်ရုံ (မန္တလေး) က စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၂၉၃၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၁၆၉/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ၁၁-၁-၂၀၁၉၊ ၂၀-၂-၂၀၁၉ နှင့် ၁၈-၃-၂၀၁၉ ရက်နေ့တို့တွင် ဌာနဆိုင်ရာများသို့ လွှဲပြောင်းပေးရန်နှင့် အသုံးပြုရန် မရှိသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ တမူးခရိုင်၊ ယင်းမာပင်ခရိုင်နှင့် ရွှေဘိုခရိုင်တို့အတွင်းရှိ အောက်ဖော်ပြပါ **စုစုပေါင်းမြေဧရိယာ ၁၈. ၃၈၅ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၂၈၁/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉၊ ၂၈၂/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉၊ ၂၈၃/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ နှင့် ၂၈၄/ ၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ တို့ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည် -

| စဉ် | မြို့နယ်၊ မြို့ | ရပ်ကွက်၊ ကျေးရွာ အုပ်စုအမည် | ကွင်းအမှတ်၊ အမည် | ဦးပိုင်၊ မြေကွက် အမှတ် | မြေအမျိုး အစား | မြေ ဧရိယာ (ဧက) | စွန့်လွှတ်သည့် အကြောင်းအရာ | မှတ် ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | မင်းကင်း | အမှတ် (၃) ရပ်ကွက် | ၄/ဈေးတန်း | ၃၇ | မြို့မြေ | ၀. ၄၂၅ | ပိုလျှံ၍စွန့်လွှတ်ခြင်း | |
| ၂ | တမူး၊ ခမ်းပါတ် မြို့ | အောက်တောင်း | ၉၀၃ E/ ဘုတ်ကန်အရှေ့ ကွင်း | ၃၇၂/၁ | ရွာမြေ | ၂. ၃ | လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာနသို့ လွှဲပြောင်းရန် | |

| စဉ် | မြို့နယ်၊ မြို့ | ရပ်ကွက်၊ ကျေးရွာ အုပ်စုအမည် | ကွင်းအမှတ်၊ အမည် | ဦးပိုင်၊ မြေကွက် အမှတ် | မြေအမျိုး အစား | မြေ ဧရိယာ ဧက | စွန့်လွှတ်သည့် အကြောင်းအရာ | မှတ် ချက် |
|---|---|---|---|---|---|---|---|---|
| ၃ | ပုလဲ | ပုလဲတောင် | ၉၅၅ ကြ၊ မြို့ပတ်ကွင်း | ၄၄ | မြို့မြေ | ၀. ၁၄ | ဆည်မြောင်းဦးစီး ဌာနသို့ လွှဲပြောင်းရန် | |
| ၄ | ရွှေဘို | မင်းကျောင်း | ၂၈၁၀/တပ် မြို့တောင်ကွင်း | ၂၉၃ | မစိုက်ပျိုး နိုင်သောမြေ | ၁၅. ၅၂ | ပိုလျှံ၍စွန့်လွှတ်ခြင်း | |
| | စုစုပေါင်းမြေဧရိယာ | | | | | ၁၈. ၃၈၅ | | |

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **စုစုပေါင်းမြေဧရိယာ ၁၈. ၃၈၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၁၇၀/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ ကွင်းအမှတ်/အမည် (၆၂၇/ပြင်ခေါင်)၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (၇၉၃၊ ၇၉၄၊ ၇၉၉၊ ၇၇၀) ရှိ **မြေဧရိယာ ၀. ၁၄၈ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၃၃၅/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၁၄၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၁၇၁/၂၀၁၉)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) က သာသနာမြေအဖြစ်အသုံးပြုရန် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ လေ့ကြီးတက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၇၁၄/ညောင်ချောင်းကွင်း၊ မြေအမျိုးအစား-စက်ရုံမြေ၊ ဦးပိုင်အမှတ် ($N_1$+၁+၂) ရှိ **မြေဧရိယာ ၀. ၇၃ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၃၃၉/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) က စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၇၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၁၇၂/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၀၀/မှော်ဘီရိုးကွင်း)၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (၈/၆) ရှိ မူလရှိ **မြေဧရိယာ ၂. ၁၄ ဧက** အနက်မှ **မြေဧရိယာ ၀. ၉၀ ဧက** ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ လွှဲပြောင်း

ပေးရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၂၉၁/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၉၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၁၇၃/၂၀၁၉)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်စွဲပါ မြေလွှဲအမိန့်ကြော်ငြာစာဖြင့် စက်မှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဖက်တော/နှမ်းရွာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၉၃၇/နှမ်းရွာ)၊ ဦးပိုင်အမှတ်ပေါင်း (၃၃၇) ခု၊ မြေဧရိယာ (၄၁၁. ၉၄) ဧကနှင့် ကွင်းအမှတ်/အမည် (၉၃၆/ကုန်းချောင်း)၊ ဦးပိုင်အမှတ်ပေါင်း (၁၀) ခုရှိ မြေဧရိယာ (၇. ၂၀) ဧက၊ စုစုပေါင်းမြေဧရိယာ (၄၁၉. ၁၄) ဧကအနက်မှ ကွင်းအမှတ်/အမည် (၉၃၇/နှမ်းရွာ)၊ ဦးပိုင်အမှတ် (-)၊ မြေအမျိုးအစား (အဆောက်အဦမြေ)၊ **မြေဧရိယာ ၁၄. ၈၂ ဧက** ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၂၈၇/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) က စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁၄. ၈၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

၃။ ပြည်ထဲရေးဝန်ကြီးဌာန၏ မြေလွှဲအမိန့်ကြော်ငြာစာဖြင့် လွှဲပြောင်းပေးခဲ့သော **မြေဧရိယာ ၄၁၉. ၁၄ ဧက** အနက် ပြန်လည်စွန့်လွှတ်ပြီး ကျန် **မြေဧရိယာ ၄၀၄. ၃၂ ဧက** ကို စက်မှုဝန်ကြီးဌာနမြေအဖြစ်အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

၄။ စက်မှုဝန်ကြီးဌာနမြေအဖြစ်အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်သည့် **မြေဧရိယာ ၄၀၄. ၃၂ ဧက** ကို စက်မှုဝန်ကြီးဌာနမှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၁၇၄/၂၀၁၉)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့နယ်၊ မိုဟင်းပြင်/ ဥယျာဉ်ပြင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၉၂/အင်းကြီးကွင်း၊ VT-၂၄/ဥယျာဉ်ပြင်ကြေးတိုင်ပြင်ကွင်း)၊ (၁၉၄/မင်းတလင်းကွင်း၊ VT-၃၀/မိုဟင်းပြင်ကြေးတိုင်ပြင်ကွင်း)၊ **မြေအမျိုးအစား-လယ်၊ ခနီ၊ ဥယျာဉ်၊ မြေရိုင်း၊** ဦးပိုင်အမှတ် (၁၊ ၂၊ ၃/၁၊ ၃/၂၊ ၃/၃၊ ၄၄ မှ ၇၁ ထိ၊ ၇၂/၁၊ ၇၂/၂၊ ၇၃၊ ၇၄/၁၊ ၇၄/၂၊ ၇၅၊ ၇၆) ရှိ **မြေဧရိယာ ၇၇၈. ၉၇ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၃၃၃/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၇၇၈. ၉၇ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၇၅/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (A/M၊ မြို့သစ်)၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (၃/၁/ခ) ရှိ မူလရှိ **မြေဧရိယာ ၃. ၇၄၆ ဧက** အနက် **မြေဧရိယာ ၂. ၆၈၀ ဧက** ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၂၈၆/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂. ၆၈၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၁၇၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနက မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ မြောက်ကုန်းရပ်ကွက်၊ ကွင်းအမှတ်/အမည် (၃/မြောက်ကုန်း)၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (၃၆) ရှိ **မူလမြေဧရိယာ ၄. ၉၆၀ ဧက** အနက်မှ **မြေဧရိယာ ၂. ၄၆၁ ဧက** ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်စွဲပါ စာအမှတ်၊ ၂/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနက အသုံးပြုရန်မရှိသည့်အတွက် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂. ၄၆၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၁၇၇/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရန် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကျောက်ဖူးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၅၃ ᵃ၊ ကျောက်ဖူးကွင်း)၊ မြေအမျိုးအစား-မြေရိုင်း၊ ဦးပိုင်အမှတ် (၁/၁၄၆) ရှိ **မြေဧရိယာ ၃. ၇၇ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၂၉၄/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃. ၇၇ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၁၇၈/၂၀၁၉)

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၅၁၁ ခ/အောက်ချင်းကံမြောက်ကွင်း)၊ မြေအမျိုးအစား-မြေရိုင်း၊ ဦးပိုင်အမှတ် (N-102+N-103) ရှိ **မြေဧရိယာ ၁၂၇. ၂၂ ဧက** ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၂၉၀/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁၂၇. ၂၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

မင်းသူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စီမံခန့်ခွဲရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၉) ၏ သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပရိယတ္တိမဟာဌာနမှ ဌာနကြီးမှူးဆရာတော် ဒေါက်တာဘဒ္ဒန္တ အာဒိစ္စဝံသ အား ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့ ညနေပိုင်းမှစ၍ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်)

၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၄/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ တင်ပြ၍ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ရရှိပြီးဖြစ်သည့်

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ အောက်ဖော်ပြပါ သရုပ်ပြ၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၃) ဦးတို့အား လစ်လပ်လျက်ရှိသည့် လက်ထောက်ကထိက၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | တိုးမြှင့်ရာထူး |
|---|---|---|
| (က) | ဒေါက်တာနှင်းဝေဖြူ | လက်ထောက်ကထိက |
| (ခ) | ဒေါက်တာယမုံမင်းညွန့်ဦး | လက်ထောက်ကထိက |
| (ဂ) | ဒေါက်တာမြင့်မြင့်မူ | လက်ထောက်ကထိက |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်)

၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၅/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံးခွဲ (ကျိုင်းတုံ) မှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးကြည်စော အား လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်)

၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၄/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ တင်ပြ၍ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ရရှိပြီးဖြစ်သည့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၅၅) ဦးတို့အား လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ရာထူး | စဉ် | အမည် | တိုးမြှင့်ရာထူး |
|---|---|---|---|---|---|
| (၁) | ဒေါက်တာမျိုးကျော်စွာ | ဦးစီးအရာရှိ | (၁၀) | ဒေါက်တာထွန်းထွန်းနိုင် | ဦးစီးအရာရှိ |
| (၂) | ဒေါက်တာအောင်ရွှေထွန်း | ဦးစီးအရာရှိ | (၁၁) | ဒေါက်တာဇော်နော်ထန်း | ဦးစီးအရာရှိ |
| (၃) | ဒေါက်တာစိုးဦး | ဦးစီးအရာရှိ | (၁၂) | ဒေါက်တာတင်လှိုင်ဝင်း | ဦးစီးအရာရှိ |
| (၄) | ဦးဝင့်ဖြိုးအောင် | ဦးစီးအရာရှိ | (၁၃) | ဦးစောကလယ်ကပေါ် | ဦးစီးအရာရှိ |
| (၅) | ဒေါက်တာဘေဘီကြည်စိုး | ဦးစီးအရာရှိ | (၁၄) | ဦးဇင်မင်းဦး | ဦးစီးအရာရှိ |
| (၆) | ဒေါက်တာခင်သီတာဝင်း | ဦးစီးအရာရှိ | (၁၅) | ဒေါက်တာကျော်ဖြိုးဆန်း | ဦးစီးအရာရှိ |
| (၇) | ဒေါက်တာရဲဝင်း | ဦးစီးအရာရှိ | (၁၆) | ဒေါက်တာအေးမင်းထွေး | ဦးစီးအရာရှိ |
| (၈) | ဒေါက်တာခိုင်မြစည်သူ | ဦးစီးအရာရှိ | (၁၇) | ဒေါ်ကြူကြူဝင်း | ဦးစီးအရာရှိ |
| (၉) | ဒေါက်တာအောင်ကိုကိုမင်း | ဦးစီးအရာရှိ | (၁၈) | ဒေါ်ဝင်းဝင်းမော် | ဦးစီးအရာရှိ |

| စဉ် | အမည် | တိုးမြှင့်ရာထူး | စဉ် | အမည် | တိုးမြှင့်ရာထူး |
|---|---|---|---|---|---|
| (၁၉) | ဒေါက်တာမေလွင်ဦး | ဦးစီးအရာရှိ | (၃၈) | ဒေါက်တာတိုးညွန့် | ဦးစီးအရာရှိ |
| (၂၀) | ဒေါက်တာသိန်းထွန်းမြင့် | ဦးစီးအရာရှိ | (၃၉) | ဒေါက်တာကျော်လင်း | ဦးစီးအရာရှိ |
| (၂၁) | ဒေါက်တာကြည်သာကျော်တင် | ဦးစီးအရာရှိ | (၄၀) | ဒေါက်တာစိုးမိုးဝင်း | ဦးစီးအရာရှိ |
| (၂၂) | ဒေါက်တာသင်းသင်းလှိုင် | ဦးစီးအရာရှိ | (၄၁) | ဒေါက်တာကျော်ဇာနည်အောင် | ဦးစီးအရာရှိ |
| (၂၃) | ဒေါက်တာဝင်းခန့် | ဦးစီးအရာရှိ | (၄၂) | ဒေါက်တာချစ်စံဝင်း | ဦးစီးအရာရှိ |
| (၂၄) | ဒေါက်တာဇေယျာတိုး | ဦးစီးအရာရှိ | (၄၃) | ဒေါက်တာရန်နိုင်ဦး | ဦးစီးအရာရှိ |
| (၂၅) | ဒေါက်တာနိုင်မျိုးအောင် | ဦးစီးအရာရှိ | (၄၄) | ဒေါက်တာထွန်းမင်း | ဦးစီးအရာရှိ |
| (၂၆) | ဒေါက်တာဇော်နိုင် | ဦးစီးအရာရှိ | (၄၅) | ဒေါက်တာအောင်ဇေယျ | ဦးစီးအရာရှိ |
| (၂၇) | ဒေါက်တာသန့်ဇင်ဦး | ဦးစီးအရာရှိ | (၄၆) | ဒေါက်တာရန်နိုင် | ဦးစီးအရာရှိ |
| (၂၈) | ဒေါက်တာလောဟာခွီရှိန်း | ဦးစီးအရာရှိ | (၄၇) | ဒေါက်တာအောင်ဂျမ်း | ဦးစီးအရာရှိ |
| (၂၉) | ဒေါက်တာကျော်စိုးလွင် | ဦးစီးအရာရှိ | (၄၈) | ဒေါက်တာအောင်ဝင်းမြင့် | ဦးစီးအရာရှိ |
| (၃၀) | ဒေါက်တာအောင်သူ | ဦးစီးအရာရှိ | (၄၉) | ဒေါက်တာထက်ဝေဖြိုး | ဦးစီးအရာရှိ |
| (၃၁) | ဒေါက်တာကေသီမိုး | ဦးစီးအရာရှိ | (၅၀) | ဒေါက်တာလှိုင်ဝင်း | ဦးစီးအရာရှိ |
| (၃၂) | ဒေါက်တာနီမာန်ကျဲအို | ဦးစီးအရာရှိ | (၅၁) | ဒေါက်တာစိုင်းနေလင်းစိုး | ဦးစီးအရာရှိ |
| (၃၃) | ဒေါက်တာနှင်းနှင်းထွန်း | ဦးစီးအရာရှိ | (၅၂) | ဒေါက်တာဟန်ဝင်းသန့် | ဦးစီးအရာရှိ |
| (၃၄) | ဒေါက်တာခင်စံသာဝင်း | ဦးစီးအရာရှိ | (၅၃) | ဒေါက်တာရဲဝင့်နိုင် | ဦးစီးအရာရှိ |
| (၃၅) | ဒေါက်တာအောင်မြင့် | ဦးစီးအရာရှိ | (၅၄) | ဒေါက်တာကျော်စိုးလင်း | ဦးစီးအရာရှိ |
| (၃၆) | ဒေါက်တာဗိုလ်ဗိုလ်ထွေး | ဦးစီးအရာရှိ | (၅၅) | ဒေါက်တာဟိန်းရာဇာ | ဦးစီးအရာရှိ |
| (၃၇) | ဒေါက်တာပန်းနုလွင် | ဦးစီးအရာရှိ | | | |

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၉၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်)

၁။ ၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးက လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းအောင် ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့မှစတင်၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ

၂၈ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၉၃/၂၀၁၉)

၁။ ၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပျံသန်းမှုလမ်းညွှန်ထိန်းသိမ်းရေးဌာနခွဲ၊ လေကြောင်းဆက်သွယ်ရေးဌာနစုက လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ဒုတိယအထွေထွေမန်နေဂျာ ဦးစိုင်းဝင်းမြင့် ကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၉၈/၂၀၁၉)

၁။ ၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ငွေစာရင်းဌာနက လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ဒုတိယအထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) ဒေါ်ခင်သန်းမြင့် (၈၀၂၁၃၁) ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှစတင်၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၅/၂၀၁၉)

၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းဌာနခွဲက လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ထွေး ကို ဥပဒေနှင့် နည်းပညာစံများဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၃၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်)

၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စု

ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာအမျိုးသားလေကြောင်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းဌာနက လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အောက်ဖော်ပြပါ စက်မှုကျွမ်းကျင် (၁) (၂) ဦးအား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ လက်ထောက်အင်ဂျင်နီယာ (စက်မှု) ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (က) | ဦးအောင်ကျော်မိုး<br>(လရ-၃၈၇၇) | လက်ထောက်အင်ဂျင်နီယာ (စက်မှု)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဦးဆန်ကျဲ(အို)ထန်<br>(လရ-၄၄၇၆) | လက်ထောက်အင်ဂျင်နီယာ (စက်မှု)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၃၃/၂၀၁၉)

၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြို့ပြအင်ဂျင်နီယာဌာနက လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အောက်ဖော်ပြပါ အငယ်တန်းအင်ဂျင်နီယာ-၁ (၁၂) ဦးအား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (က) | ဒေါ်ကျင်ကျင်စန်း | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဦးသာအေး | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဂ) | ဦးအောင်သူ | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဃ) | ဒေါ်တင်နွယ်မိုး | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (င) | ဦးစိုးဝင်း | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (စ) | ဒေါ်စောဝတ်ရည် | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဆ) | ဒေါ်စမ်းစမ်းဝင်း | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဇ) | ဦးမြင့်အောင် | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဈ) | ဦးအောင်မိုးကျော် | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (ည) | ဦးတင်ထွန်း | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဋ) | ဦးဝင်းမြင့် | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဌ) | ဦးကျော်လှိုင် | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၃၄/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ငွေစာရင်းဌာနက လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ရုံးအုပ် (ငွေစာရင်း) ဒေါ်သန်းသန်းမော် (၈၀၀၇၃၇) အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ လက်ထောက်မန်နေဂျာ (ဘဏ္ဍာရေး/ စာရင်းစစ်) ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက်)

**နိုင်ငံပိုင်နှင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများမှ ထွက်ရှိသည့် ကျွန်း/သစ်မာသစ်လုံး၊ ကျွန်း/သစ်မာတိုင်၊ ကျွန်း/သစ်မာမျောများကို ပြည်ပသို့အလုံးလိုက်တင်ပို့ခွင့်ပြုရန် တင်ပြလာသည့် ကိစ္စရပ်တစ်ခုချင်းစီ အလိုက် ဌာနဆိုင်ရာညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းလုပ်ငန်းစဉ် အဆင့်ဆင့်အတိုင်း စနစ်တကျ ဆောင်ရွက်ထားခြင်း ရှိ မရှိ (Case by Case basis) ဖြင့် စိစစ်၍ ခွင့်ပြုသွားမည်ဖြစ်ကြောင်းကြေညာခြင်း**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သစ်တောသယံဇာတများအား ရေရှည်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး၊ တန်ဖိုးမြင့်သစ်ကုန်ချောများ တိုးတက် ထုတ်လုပ်၍ ဝင်ငွေပိုမိုရရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေးတို့ကို ရှေးရှု၍ နိုင်ငံတော် အတွင်း သစ်ထုတ်လုပ်မှုပမာဏကို လျှော့ချဆောင်ရွက်သည့် ကနဦးလုပ်ငန်းစဉ်အဖြစ် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့ရောင်းချမှုကို ရပ်ဆိုင်းလိုက်ကြောင်း ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၃ ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ မြန်မာ့သစ်တောမူဝါဒ၊ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းနှင့် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ အရ နိုင်ငံ၏စီးပွားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံပိုင်ကဏ္ဍတွင် စီးပွားရေးကျွန်းနှင့် သစ်မာစိုက်ခင်းများကို တည်ထောင်ခဲ့ပြီး ပုဂ္ဂလိကကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရေးနှင့် နိုင်ငံစီးပွားရေး၏ အဓိကမဏ္ဍိုင်တစ်ခုဖြစ်သော ကျွန်းသစ်ထုတ်လုပ်ခြင်း လုပ်ငန်း ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်တောဥပဒေပုဒ်မ ၁၄ နှင့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ တို့အရ ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကျွန်းနှင့် သစ်မာစိုက်ခင်းများကို စိုက်ပျိုးတည်ထောင်ခွင့်ပြုခဲ့ရာ အဆိုပါ စိုက်ခင်းများမှထွက်ရှိသည့် ကျွန်း/သစ်မာသစ်လုံး၊ ကျွန်း/သစ်မာတိုင်၊ ကျွန်း/သစ်မာမျှောများအား တည်ဆဲဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်ပသို့ အလုံးလိုက်တင်ပို့ရောင်းချခွင့်ပြုရန် လိုအပ်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများမှထွက်ရှိသည့် ကျွန်း/သစ်မာ သစ်လုံး၊ ကျွန်း/သစ်မာတိုင်၊ ကျွန်း/သစ်မာမျှောများကို ပြည်ပသို့ အလုံးလိုက်တင်ပို့ခွင့်ပြုရန် တင်ပြလာသည့် ကိစ္စရပ် တစ်ခုချင်းစီအလိုက် သစ်တောဦးစီးဌာန၏ ဌာနဆိုင်ရာ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းလုပ်ငန်းစဉ် အဆင့်ဆင့်အတိုင်း စနစ်တကျဆောင်ရွက်ထားခြင်း ရှိ မရှိ (Case by Case basis) ဖြင့် စိစစ်၍ ခွင့်ပြုသွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် **၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက်)** မှစ၍ အတည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်။

အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ ၄၅ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့ရှိ ကေအီးဘီဟာနာမိုက်ခရိုဖိုင်းနိုက်(စ်) လီမိတက်အား စတင် မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့ရှိ ကေအီးဘီဟာနာ မိုက်ခရိုဖိုင်းနိုက်(စ်) လီမိတက်အား မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မြို့နယ် လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၉

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၁ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးကိရိယာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လယ်ယာသုံးစက်ကိရိယာများ တင်သွင်းရောင်းချခြင်း (ကုန်သွယ်ခြင်း) ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများအနေဖြင့် လက်လီ၊ လက်ကား ရောင်းချခွင့်မှတ်ပုံတင်ရန်ကိစ္စ**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီ၊ လက်ကားရောင်းချခြင်း လုပ်ငန်းကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ တစ်ပြေးညီမှတ်ပုံတင်ခြင်းစနစ်ဖြင့် ဆောင်ရွက်နိုင်ရေး အတွက် အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၈ ဖြင့်လည်းကောင်း၊ မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ် (SOP) ကို သတင်းလွှာ ၂/၂၀၁၈ ဖြင့်လည်းကောင်း၊ ဦးစားပေးရောင်းချခွင့်ပြုသည့် ကုန်ပစ္စည်း အုပ်စု (၂၄) မျိုးစာရင်းကို သတင်းလွှာ ၃/၂၀၁၈ ဖြင့်လည်းကောင်း ထုတ်ပြန်ခဲ့ပါသည်။

၂။ သို့ဖြစ်၍ ယခင်ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၉၆/၂၀၁၅၊ ၁၁/၂၀၁၆၊ ၅၆/၂၀၁၆၊ ၈၅/၂၀၁၆၊ ၃၆/၂၀၁၇၊ ၅၅/၂၀၁၇၊ ၆၃/၂၀၁၇ အရ ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံး ကိရိယာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လယ်ယာသုံးစက်ကိရိယာများစသည့် ကုန်ပစ္စည်း ခြောက်မျိုးကို ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ရယူ၍ တင်သွင်းရောင်းချခြင်းဆောင်ရွက်လျက် ရှိသည့် နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများသည် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း လက်လီ၊ လက်ကားရောင်းချခွင့် လုပ်ငန်းမှတ်ပုံတင်ကို အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၈ နှင့် သတင်းလွှာ ၂/၂၀၁၈ တို့ပါ သတ်မှတ်ချက် များနှင့်အညီ လျှောက်ထားရမည်။

၃။ အဆိုပါ ကုမ္ပဏီများသည် အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၈ နှင့် သတင်းလွှာ ၂/၂၀၁၈ ပါ သတ်မှတ်စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး ရောင်းချသည့်ကုန်ပစ္စည်းအပေါ် ကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် ရောင်းချသည့်ဆိုင်၏ အကျယ်အဝန်းတို့သည် ပြဋ္ဌာန်းထားသည့် ပမာဏကို ပြည့်မီမှု မရှိသေးလျှင် ယင်းလိုအပ်ချက်များကို မှတ်ပုံတင်ပြီး (၅) နှစ်အတွင်း ပြည့်မီစေရန် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

၄။ ဤအမိန့်ကြော်ငြာစာပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သောကုမ္ပဏီများကို သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

၅။ အမိန့်ကြော်ငြာစာအမှတ် ၉၆/၂၀၁၅၊ ၁၁/၂၀၁၆၊ ၅၆/၂၀၁၆၊ ၈၅/၂၀၁၆၊ ၃၆/၂၀၁၇၊ ၅၅/၂၀၁၇ နှင့် ၆၃/၂၀၁၇ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၉

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ပြည်တွင်းတွင်ထုတ်လုပ်သော ကုန်ပစ္စည်းအချို့ကို နိုင်ငံခြားကုမ္ပဏီများအား တင်ပို့ခွင့်ပြုခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းအရည်အသွေးမြင့်ထုတ်ကုန် များကို ပြည်ပဈေးကွက်သို့ ချဲ့ထွင်တင်ပို့ခြင်းအားဖြင့် ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ရန်အတွက်လည်းကောင်း၊

ပြည်ပဈေးကွက် ပိုမိုရရှိရန်အတွက်လည်းကောင်း၊ ထုတ်လုပ်သူများ၏ ရောင်းဈေးပိုမိုရရှိစေရန်အတွက်လည်းကောင်း နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများကို အောက်ပါကုန်ပစ္စည်းအုပ်စု (၇) မျိုးကို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်လုပ်သူများထံမှ တစ်ဆင့် ဝယ်ယူ၍ ပြည်ပသို့ တင်ပို့ခွင့်ပြုလိုက်သည် -

(က) အသား၊ ငါး၊

( ခ ) တစ်ဆင့်မြင့် ပြုပြင်ထုတ်လုပ်ထားသော ကောက်ပဲသီးနှံများ၊

( ဂ ) ပျော့ဖတ်နှင့် စက္ကူအမျိုးမျိုး၊

(ဃ) မျိုးစေ့၊

( င ) သန့်စင်ထားသည့် သတ္တုရိုင်းများ၊

( စ ) သစ်သီးဝလံကုန်ကြမ်းတို့မှ အဆင့်မြင့်ထုတ်လုပ်ထားသော တစ်ဝက်တစ်ပျက် ကုန်ချော (သို့မဟုတ်) ကုန်ချောပစ္စည်းများ၊

(ဆ) သစ်အခြေခံပရိဘောဂပစ္စည်းများ။

၂။ နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအနေဖြင့် အထက်ပါ အဆင့်မြင့်ကုန်ပစ္စည်းအုပ်စု (၇) မျိုးကို ပြည်ပသို့တင်ပို့ရာတွင် အောက်ပါသတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်-

(က) **အသား၊ ငါး**
တင်ပို့ခွင့်ပြုရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာန၏ ထောက်ခံချက်ဖြင့် ပို့ကုန်လိုင်စင်ခွင့်ပြုမည်ဖြစ်သည်။

( ခ ) **တစ်ဆင့်မြင့် ပြုပြင်ထုတ်လုပ်ထားသော ကောက်ပဲသီးနှံများ**

(၁) ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့အား အမှုန့်အဖြစ်သော်လည်းကောင်း၊ အသင့်စားသုံးနိုင်သည်အထိ တစ်ဆင့်မြင့်ပြုပြင်ထုတ်၍လည်းကောင်း၊ သန့်စင်အခွံချွတ်ပြီးအဆင့်မြင့်ထုပ်ပိုး၍လည်းကောင်း ပြုပြင်ထားသော ကောက်ပဲသီးနှံများကိုသာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်အပါအဝင် သက်ဆိုင်သည့်ဌာနများ၏ သတ်မှတ်ချက်များနှင့်အညီ ပို့ကုန်လိုင်စင် ခွင့်ပြုမည်ဖြစ်သည်။

(၂) ဆန်နှင့် ဆန်ကွဲ တင်ပို့ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် -

(ကက) ပြည်ပမှ ပြည်တွင်းဘဏ်တစ်ခုခုသို့ ကနဦးရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ငွေအနည်းဆုံး ကန်ဒေါ်လာ ၃ သန်း လွှဲပြောင်းပြီးကြောင်း အထောက်အထား၊

( ခ ခ ) လုံလောက်သော သိုလှောင်ရုံရှိကြောင်း အထောက်အထားတင်ပြရန်၊

( ဂ ဂ ) မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အသင်းဝင်ဖြစ်ရန်။

( ဂ ) **ပျော့ဖတ်နှင့် စက္ကူအမျိုးမျိုး**
ပို့ကုန်လိုင်စင်လျှောက်ထားရန် မလိုသောပစ္စည်းအဖြစ် သတ်မှတ်ထားသော်လည်း အခြားသော သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပို့ခြင်းကို ဆောင်ရွက်ရန်ဖြစ်သည်။

(ဃ) **မျိုးစေ့**
မျိုးစေ့ဥပဒေနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပို့ခွင့်ပြုမည်ဖြစ်သည်။

( င ) **သန့်စင်ထားသည့် သတ္တုရိုင်းများ**
သတ္တုတွင်းဥပဒေအရ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းအတွက် သက်ဆိုင်ရာဌာနတွင် ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်း ခွင့်ပြုမိန့် ရယူရမည်ဖြစ်ပြီး ယင်းခွင့်ပြုမိန့်ရရှိသူသည် ပို့ကုန်လိုင်စင်အတွက် ပြည်တွင်းလုပ်ငန်းရှင်များကဲ့သို့ သတ္တုတွင်းဦးစီးဌာန၏ ထောက်ခံချက်ဖြင့် ပို့ကုန်လိုင်စင်ခွင့်ပြုသွားမည်ဖြစ်သည်။

(စ) **သစ်သီးဝလံကုန်ကြမ်းတို့မှ အဆင့်မြင့်ထုတ်လုပ်ထားသော တစ်ဝက်တစ်ပျက် ကုန်ချော (သို့မဟုတ်) ကုန်ချောပစ္စည်းများ**
စားသောက်ကုန်ဥပဒေအရ သက်ဆိုင်ရာဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ပို့ကုန်လိုင်စင်ခွင့်ပြုသွားမည်ဖြစ်သည်။

(ဆ) **သစ်အခြေခံပရိဘောဂပစ္စည်းများ**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့၏ ထောက်ခံချက်များဖြင့် ပို့ကုန်လိုင်စင်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၃။ နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများကို သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်လုပ်သူများထံမှတစ်ဆင့်ဝယ်ယူ၍ ပြည်ပသို့ တင်ပို့ခွင့်ပြုမည့်ကုန်ပစ္စည်းများကို ပြည်တွင်းလိုအပ်ချက်၊ စျေးကွက်အနေအထား၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏အခြေအနေ အစရှိသည်တို့အပေါ် မူတည်၍ လိုအပ်သလိုပြောင်းလဲပြင်ဆင်သွားမည်ဖြစ်ပါသည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၂၅/ ၂၀၁၉

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၁၉ ခုနှစ် ပြက္ခဒိန်နှစ်အတွက် မော်တော်ယာဉ်အရောင်းစင်တာ (Sale Centre) တွင် ရောင်းချရန် မော်တော်ယာဉ်တင်သွင်းရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) မော်တော်ယာဉ်အရောင်းစင်တာဖွင့်လှစ်မည့် ကုမ္ပဏီသည် စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်လက်မှတ်ရှိရမည်။

(ခ) မော်တော်ယာဉ်အရောင်းစင်တာ ဖွင့်လှစ်မည့် ကုမ္ပဏီတစ်ခုအတွက် စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်လက်မှတ်တစ်ခုဖြင့်သာ ဆောင်ရွက်ရမည်။

(ဂ) မော်တော်ယာဉ်အရောင်းစင်တာ ဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီ၏ ဘဏ်စာရင်းတွင် အာမခံငွေ (Deposit) အဖြစ် မြန်မာကျပ်ငွေသိန်း (၁၅၀၀) အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် သီးခြားငွေစာရင်းဖွင့်လှစ်၍ ထည့်သွင်းသိမ်းဆည်းထားရမည်။

(ဃ) မော်တော်ယာဉ် အရောင်းစင်တာ (Sale Center) တွင် ရောင်းချမည့် မော်တော်ယာဉ်များကို တင်သွင်းရာတွင် အပ်ကုန် (Consignment Basic) စနစ်အပြင် LC (Letter of Credit) ငွေလွှဲစာတန်းဖြင့် ပေးချေသည့်စနစ် သို့မဟုတ် TT (Telegraphic Transfer) ကြေးနန်းငွေလွှဲပို့နည်းစနစ်ဖြင့် တင်သွင်းနိုင်သည်။

(င) မော်တော်ယာဉ်များကို တင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်းကာလအတွင်း ရန်ကုန်ဆိပ်ကမ်းအရောက် တင်သွင်းရမည်။

(စ) မော်တော်ယာဉ်အရောင်းစင်တာတွင် ရောင်းချရန်အတွက် တင်သွင်းလိုသည့် မော်တော်ယာဉ်အရေအတွက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်မည့် တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းများ၏ အခါအားလျော်စွာထုတ်ပြန်သည့် သတ်မှတ်အရေအတွက်အတိုင်းသာ တင်သွင်းရမည်ဖြစ်ပြီး မော်တော်ယာဉ်ဥပဒေအရ နှစ်စဉ်အတည်ပြုထုတ်ပြန်သော မော်တော်ယာဉ်အမျိုးအစားများနှင့် မော်ဒယ်နှစ်များအတိုင်းသာ

တင်သွင်းရမည်။ တင်သွင်းလာသော မော်တော်ယာဉ်များကို သတ်မှတ်ထားသော မော်တော်ယာဉ်အရောင်းစင်တာတွင်သာ ထားရှိရမည်။ ယင်းအရောင်းစင်တာမှအပ အခြားနေရာများတွင် ပြသရောင်းချခြင်းကိုဆောင်ရွက်လိုပါက သီးခြားခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ဝယ်သူအားရောင်းချခြင်းမပြုမီ လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရ။

(ဆ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

(ဇ) အရောင်းစင်တာ ဖွင့်လှစ်မည့်နေရာသတ်မှတ်ချက်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်မည့် တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းများ၏ အခါအားလျော်စွာ ထုတ်ပြန်သော စံနှုန်းသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဈ) မော်တော်ယာဉ်အရောင်းစင်တာ၏ အကျယ်အဝန်းသည် အနည်းဆုံးစတုရန်းပေ (၉၀၀၀) ရှိရမည်။

(ည) မော်တော်ယာဉ်အရောင်းစင်တာ ဖွင့်လှစ်ခွင့်ရရှိသည့် ကုမ္ပဏီအနေဖြင့် အရောင်းစင်တာအတွက် ခွင့်ပြုထားသော တင်သွင်းခွင့်လိုင်စင်ကို တစ်စုံတစ်ဦးသို့ လွှဲပြောင်းရောင်းချခြင်းမပြုရ။

(ဋ) အရောင်းစင်တာဖွင့်လှစ်သည့်ကုမ္ပဏီများအနေဖြင့် အရောင်းစင်တာတွင် (၂) နှစ်အတွင်း မရောင်းရသောမော်တော်ယာဉ်များကိုဖြစ်စေ၊ လုပ်ငန်းရပ်ဆိုင်း၍ ကျန်ရှိနေသော မော်တော်ယာဉ်များကိုဖြစ်စေ စာရင်းရှင်းလင်းခြင်း၊ ယာဉ်မှတ်ပုံတင်ခြင်းကို ဆိပ်ကမ်းရောက်ရှိပြီး (၂) နှစ်အတွင်း အပြီးဆောင်ရွက်ရမည်။

(ဌ) အပ်ကုန် (Consignment) ဖြင့် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များရောင်းချခြင်း၊ ငွေလွှဲခြင်း၊ လက်ကျန်စာရင်းရှင်းလင်းခြင်း (သို့မဟုတ်) လုပ်ငန်းရပ်ဆိုင်း၍ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ စာရင်းရှင်းလင်းခြင်းတို့ကို အပြီးသတ်ဆောင်ရွက်ပြီးပါက အပ်နှံထားသောအာမခံငွေ (Deposit) မြန်မာကျပ်ငွေသိန်း (၁၅၀၀) အား ပြန်လည်ထုတ်ယူနိုင်သည်။

(ဍ) မော်တော်ယာဉ်အရောင်းစင်တာတွင် ရောင်းချရန် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍ ထားရှိရမည့် စာရွက်စာတမ်း၊ လယ်ဂျာစာရင်းစာအုပ်စသည်တို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှဖြစ်စေ၊ တာဝန်လွှဲအပ်သည့် အဖွဲ့အစည်းမှဖြစ်စေ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာလုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

(ဎ) အရောင်းစင်တာလက်မှတ်၊ စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်လက်မှတ်တို့ကို အနည်းဆုံး သက်တမ်းမကုန်မီ (၁) လ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန်လျှောက်ထားရမည်။

၃။ ပြုပြင်ပြီး (Reconditioned) မော်တော်ယာဉ်များတင်သွင်းရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်ကိုက်ညီအောင် ပြုပြင်ထားသည့် မော်တော်ယာဉ်များကိုသာ တင်သွင်းရမည် -

(က) လိုအပ်သောအစိတ်အပိုင်းများကို ပြန်လည်အစားထိုးခြင်း အပါအဝင် အကောင်းပကတိပြည့်စုံကြောင်း စစ်ဆေးပြီး၊ တပ်ဆင်ပြီးသော အင်ဂျင် ဖြစ်ရမည်။ (The engine must be tested and checked including the replacement of necessary parts, whether it is in good condition and completely adjusted or not.)

(ခ) လိုအပ်သော အစိတ်အပိုင်းများကို ပြန်လည်အစားထိုးခြင်းအပါအဝင် အပြည့်အဝဘေးအန္တရာယ်ကင်းရှင်းရန် ဘရိတ်များမှအစ အသေးစိတ်စစ်ဆေးပြီး ပြန်လည်ပြင်ဆင်ထားသည့် ယာဉ်အောက်ပိုင်းဖြစ်ရမည်။ (The Chassis including the break and necessary parts must be overhauled and repaired for accident prevention.)

(ဂ) ပြီးပြည့်စုံသည့်အနေအထားသို့ ရောက်သည်အထိ ဆေးသုတ်ပြုပြင်ထားသော ယာဉ်ကိုယ်ထည်ဖြစ်ရမည်။ (The body of vehicle must be completely repaired and painted.)

(ဃ) ယာဉ်အတွင်းပိုင်း သန့်ရှင်းရမည်။ (The interior of the vehicle must be cleaned.)

(င) ဘက်ထရီနှင့် တာယာများ အသစ်ဖြစ်ရမည်။ (New battery and new tyres must be installed.)

(စ) သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ထားသော စံချိန်စံညွှန်းကိုက်ညီရမည်။ (ဥပမာ - လူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ အငှားယာဉ်တက္ကစီ) [The vehicle must be in conformity with the required standards prescribed by relevant agencies or ministries. (eg. Ambulance, fire engine, taxi ...)]

၄။ အထက်အပိုဒ် ၂ ပါ စည်းကမ်းချက်များအား လိုက်နာခြင်းမရှိပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ဥပဒေစည်းမျဉ်းများအပြင် အခြားတည်ဆဲဥပဒေစည်းမျဉ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်။

ဒေါက်တာသန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်)

အမှတ် ၃၃ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၁၉) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၉) တို့၏ သဘောတူဆုံးဖြတ်ချက်အရ ကျန်းမာရေးလုပ်ငန်းအား အရင်းအမြစ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ရုံးအုပ်၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၅) ဦးတို့အား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ဌာနစုမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| ၁။ ဒေါ်တင်နွယ်အေး<br>ရုံးအုပ်၊ ဝန်ထမ်းရေးရာ<br>ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန | ဌာနစုမှူး<br>ဝန်ထမ်းရေးရာ<br>ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန |
| ၂။ ဒေါ်သောင်းခင်<br>ရုံးအုပ်၊ သူနာပြု (သင်တန်း)<br>ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန | ဌာနစုမှူး<br>သူနာပြု (စီမံ)<br>ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန |
| ၃။ ဒေါ်မင်းမင်းစိုး<br>ရုံးအုပ်၊ သတင်းအချက်အလက်<br>ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန<br>(ဆေးပညာသင်ကြားရေး/ပညာပေးတွဲဖက်တာဝန်) | ဌာနစုမှူး<br>ဆေးပညာသင်ကြားရေး/ပညာပေး<br>ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန |
| ၄။ ဒေါ်ငြိမ်းရှင်<br>ရုံးအုပ်၊ လုပ်ငန်းအားအရင်းအမြစ် (၁)<br>ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန | ဌာနစုမှူး<br>သွားကျန်းမာရေးနှင့် သင်တန်းရေးရာ<br>ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန<br>[လုပ်ငန်းအားအရင်းအမြစ် (၁) တွင် တွဲဖက်တာဝန်ထမ်းဆောင်ရန်] |

| စဉ် အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| ၅။ ဒေါ်မိုးစံ<br>ရုံးအုပ်၊ သတင်းအချက်အလက်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>(အထွေထွေစီမံခန့်ခွဲရေးတွဲဖက်တာဝန်) | ဌာနစုမှူး<br>သတင်းအချက်အလက်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>(အထွေထွေစီမံခန့်ခွဲရေးတွင် တွဲဖက်တာဝန် ထမ်းဆောင်ရန်) |

မှတ်ချက် ။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် ဌာနစုမှူးများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန် ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်း လက်ခံပြီး တိုးမြှင့်ထမ်းဆောင်စေရန်ဖြစ်သည်။

အမှတ် ၃၄ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၁၉) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ကျင်းပ ပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၉) တို့၏ သဘောတူဆုံးဖြတ်ချက်အရ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ရုံးအုပ် (ငွေစာရင်း)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀- ၂၄၄,၀၀၀) (၂) ဦးတို့အား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ဌာနစုမှူး (ငွေစာရင်း)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဒေါ်ခင်သန်းမြင့်<br>ရုံးအုပ်၊ ဘဏ္ဍာရေးဌာနစိတ်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | ဌာနစုမှူး (ငွေစာရင်း)<br>ဘဏ္ဍာရေးဌာနစိတ်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>(ငွေစာရင်းတာဝန်) |
| ၂။ | ဒေါ်စန်းစန်းဦး<br>ရုံးအုပ် (ငွေစာရင်း) ဘဏ္ဍာရေးဌာနစိတ်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>(စစ်ဆေးရေးဌာန၊ ရုံးအုပ်ရာထူးသုံးစွဲခန့်ထားခြင်း) | ဌာနစုမှူး (ငွေစာရင်း)<br>ဘဏ္ဍာရေးဌာနစိတ်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>(ဘဏ္ဍာရေးတာဝန်) |

မှတ်ချက် ။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် ဌာနစုမှူး (ငွေစာရင်း) များသည် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့် တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး တိုးမြှင့်ထမ်းဆောင်စေရန်ဖြစ်သည်။

အမှတ် ၃၅ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၁၉) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ကျင်းပ ပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၉) တို့၏ သဘောတူဆုံးဖြတ်ချက်အရ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ တက္ကသိုလ်များမှ အောက်ဖော်ပြပါ ကွန်ပျူတာစီစဉ်ရေးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၂) ဦးတို့အား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ဌာနစုမှူး (ကွန်ပျူတာ)/ဌာနစုမှူး (သတင်းဆက်သွယ်ရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|
| ၁။ | ဒေါ်အိအိသန်း<br>ကွန်ပျူတာစီစဉ်ရေးမှူး<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) | ဌာနစုမှူး (ကွန်ပျူတာ)<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) |

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|
| ၂။ | ဒေါ်နန်းခင်စန်းအေး<br>ကွန်ပျူတာစီစဉ်ရေးမှူး<br>ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) | ဌာနစုမှူး (သတင်းဆက်သွယ်ရေး)<br>ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) |

မှတ်ချက် ။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် ဌာနစုမှူး (ကွန်ပျူတာ)/ဌာနစုမှူး (သတင်းဆက်သွယ်ရေး) များသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး တိုးမြှင့်ထမ်းဆောင်စေရန်ဖြစ်သည်။

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်)

အမှတ် ၃၆ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၁၉/၇၁၅၁ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြု တက္ကသိုလ် (မန္တလေး) မှ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာခင်သက်ဝေ (ဆမ-၁၀၀၅၁) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂၁ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် အာဆီယံ-တရုတ် ဘက်စုံစီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ်အရ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုနယ်မြေကို ထူထောင်ရန်အလို့ငှာ ၁၉၉၂ ခုနှစ်၊ အကောက်ခွန်နှုန်းဥပဒေ အခန်း (၂)၊ ပုဒ်မ ၃ နှင့် ၄ တို့တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ပူးတွဲပါ မြန်မာနိုင်ငံ၏ အကောက်ခွန်နှုန်း လျှော့ချ/ဖယ်ရှားမှု အစီအစဉ် (Myanmar's Tariff Reduction Schedules for Products under the Trade in Goods Agreement of the Framework Agreement on Comprehensive Economic Co-operation between the Association of South East Asian Nations and the People's Republic of China) ကို ပြဋ္ဌာန်းသတ်မှတ်လိုက်သည်။

၂။ အမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းသတ်မှတ်ချက်သည် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

စိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

## Myanmar' s TRS HS 2017 for ACFTA

| H.S Code | Code | Stat. Code | Description | Category | Base Rate | 2010 | 2011 | 2012 | 2013 | 2014 | 2015 | 2016 | 2017 | 2018 | 2019 | 2020 |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| **01.01** | | | **Live horses, asses,mules and hinnies.** | | | | | | | | | | | | | |
| | | | - Horses: | | | | | | | | | | | | | |
| 0101.21 | 0101.21.00 | 00 | - - Pure-bred breeding animals | EHP | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0101.29 | 0101.29.00 | 00 | - - Other | EHP | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0101.30 | | | - Asses: | | | | | | | | | | | | | |
| | 0101.30.10 | 00 | - - Pure-bred breeding animals | EHP | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| | 0101.30.90 | 00 | - - Other | EHP | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0101.90 | 0101.90.00 | 00 | - Other | EHP | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| **01.02** | | | **Live bovine animals.** | | | | | | | | | | | | | |
| | | | - Cattle: | | | | | | | | | | | | | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၉

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်)

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ခွင့်ပြုချက်ဖြင့် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်၏ မြန်မာဘက်မှ ကော်မရှင်ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဂ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(င) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(စ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဋ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဌ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဍ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဎ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဏ) ရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(တ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဓ) အထွေထွေအတွင်းရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ်

(န) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အဓိကလမ်းညွှန်ချက်များနှင့် ဦးစားပေးကဏ္ဍများကို ဆုံးဖြတ်ခြင်း၊

(ခ) စာချုပ်ဝင်နိုင်ငံအသီးသီးမှ ကုန်စည်အမယ်စုံ ကုန်သွယ်နိုင်ရေးနှင့် စီးပွားရေးပိုမိုတိုးတက်ရေးတို့အတွက် စိတ်ဝင်စားမှုရှိသော စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများအား အကူအညီပေးခြင်း၊

(ဂ) ပြည်တွင်းထုတ်လုပ်သူများနှင့် ဖြန့်ဖြူးသူများ၏ အကျိုးစီးပွားကို ကာကွယ်ရန်အလို့ငှာ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အတားအဆီးများ ဖော်ထုတ်ဖယ်ရှားမှုကိုကူညီခြင်း၊

(ဃ) နှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ စာချုပ်ဝင်နိုင်ငံများအကြား သတင်းအချက်အလက်အပြန်အလှန်ဖလှယ်မှုကို လွယ်ကူချောမွေ့စေရန်အတွက် အဓိကကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေကို လေ့လာသုံးသပ်ခြင်း၊

(င) နှစ်နိုင်ငံအကြား သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာတီထွင်ဆန်းသစ်မှုနှင့် အခြားသောကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဦးတည်ချက်များသတ်မှတ်ပေးခြင်း။

သောင်းထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၉/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၁ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် Geospatial data analysis / Road network analysis လုပ်ငန်းများလုပ်ဆောင်ရန် GIS Training ဖြင့်

ပူးပေါင်းဆောင်ရွက်လိုသည့် Geospatial Company များအား အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်းအတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) **တင်ဒါကော်မတီ**

(၁) ဦးဝင်းတင့် — ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဒေါ်တင်မိုးမြင့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၃) ဦးမြင့်ဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၄) ဦးဝဏ္ဏဇော် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၅) ဦးရန်နောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး

(၆) ဦးခင်သက် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(ခ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

(၁) ဦးခင်သက် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၂) ဒေါ်တင်မိုးမြင့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၃) ဦးစိုးဝင်း — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (စီမံရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၄) ဦးရန်နောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး

(၅) ဦးသီဟနေသွေး — အဖွဲ့ဝင်
ဦးစီးအရာရှိ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ဒက္ခိဏခရိုင်)

(၆) ဦးအောင်မြင့်စိုး — အဖွဲ့ဝင်
ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ပျဉ်းမနားမြို့နယ်)

(၇) ဦးသိန်းဦး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(ဂ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

(၁) ဦးဝဏ္ဏဇော် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၂) ဦးဝင်းသိန်း — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (စီမံရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၃) ဦးရဲခေါင်ထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၄) ဦးသိန်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၅) ဦးရဲလင်းထွန်း — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး (ကွန်ပျူတာ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီ**

(၁) ဦးဝဏ္ဏဇော် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၂) ဦးစိုးဝင်း — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (စီမံရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၃) ဦးရဲခေါင်ထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၄) ဦးသိန်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၅) ဦးနေဝင်းအောင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး

(၆) ဦးရဲလင်းထွန်း — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး (ကွန်ပျူတာ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

၂။ ကော်မတီများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **တင်ဒါကော်မတီ** ၏ လုပ်ငန်းတာဝန်များ

(၁) GIS သင်တန်းပေးခြင်းအတွက် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(၂) GIS သင်တန်းပေးခြင်းအတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(၃) GIS သင်တန်းပေးခြင်းအတွက် တင်ဒါယှဉ်ပြိုင်သည့် ကုမ္ပဏီများ၏နည်းပညာဆိုင်ရာ အရည်အသွေးနှင့် သင်ထောက်ကူပစ္စည်းများ၏ အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ခြင်း၊

(၄) တင်ဒါတွင်ပါဝင်မည့် ငွေပေးချေမှုအစီအစဉ်၊ သင်ထောက်ကူပစ္စည်းပေးသွင်းမှု အစီအစဉ်၊ အခွန်စသည်များ သတ်မှတ်ခြင်း၊

(၅) သင်ထောက်ကူပစ္စည်းများ ဝယ်ယူခြင်းအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(၆) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်နှင့်နေရာ၊ တင်ဒါအောင်မြင်သူစာရင်းထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(၇) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို တာဝန်ပေးအပ်ခြင်း၊

(၈) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(၉) တင်ဒါအောင်မြင်သူများကို ကြေညာခြင်း၊

(၁၀) အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း။

(ခ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များ

(၁) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

(ဂ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်မှာ GIS သင်တန်းပေးခြင်းနှင့် သင်ထောက်ကူပစ္စည်းများ၏ ကြမ်းခင်းဈေးနှုန်းကို "တင်ဒါကော်မတီ" သို့ တင်ပြခြင်း။

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များ

(၁) GIS သင်တန်းပေးခြင်းအတွက် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများ၏ အရည်အသွေး စစ်ဆေးခြင်းနှင့် လိုအပ်ပါက သင်ထောက်ကူပစ္စည်းများကို စမ်းသပ်ခြင်း၊

(၂) GIS သင်တန်းပေးခြင်း (သို့မဟုတ်) ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) တင်ဒါခေါ်ယူသည့် ဌာနအဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် သင်ထောက်ကူပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုကိုလက်ခံခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်း၊

(၄) သင်ထောက်ကူပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုအတွက် လက်ခံစာရွက်စာတမ်းများထုတ်ပေးခြင်း။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၁၀/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊

စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်မီမီသွယ် အား ဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲတွင် လစ်လပ်လျက်ရှိသော လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ချထားလိုက်သည်။

ဒေါက်တာဝင်းမြတ်အေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက်)

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ဦးစီးဌာနများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ငွေစာရင်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ တိုင်းရင်းသားအခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေပါအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၂/၂၀၁၉ အရ ဖွဲ့စည်းထားသည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| စဉ် | အမည်၊ ရာထူး | တာဝန် |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး | အတွင်းရေးမှူး |

နိုင်သက်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန။

## ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၉ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂။)**

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က) တွင်ပါရှိသော "ဇန်နဝါရီလ (၃၁) ရက်နေ့" ဆိုသည့် စကားရပ်ကို "ဇူလိုင်လ (၃၁) ရက်နေ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၂ တွင်ပါရှိသော "ဖေဖော်ဝါရီလ (၂၀) ရက်နေ့" ဆိုသည့် စကားရပ်ကို "ဩဂုတ်လ (၂၀) ရက်နေ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄ တွင်ပါရှိသော "မတ်လ (၁၀) ရက်နေ့" ဆိုသည့် စကားရပ်ကို "စက်တင်ဘာလ (၁၀) ရက်နေ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၅ တွင်ပါရှိသော "မတ်လ (၃၁) ရက်နေ့" ဆိုသည့် စကားရပ်ကို "စက်တင်ဘာလ (၃၀) ရက်နေ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဝင်းသိန်း
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကရင်ပြည်နယ်လွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်)

### ကရင်ပြည်နယ် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း

ကရင်ပြည်နယ်ဝန်ကြီးချုပ်က အတည်ပြုလက်မှတ်ရေးထိုးသော **ကရင်ပြည်နယ် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေ** (၂၀၁၉ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေ အမှတ် ၂။) ကို ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ဒေါက်တာသက်ဇော်ဦး
ညွှန်ကြားရေးမှူး
ကရင်ပြည်နယ်လွှတ်တော်ရုံး

# ကရင်ပြည်နယ် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေ

## (၂၀၁၉ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်)

ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ကရင်ပြည်နယ် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့် နေ့ရက်မှစတင်၍ ကရင်ပြည်နယ်တစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ကရင်ပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ အစိုးရအဖွဲ့က ပြည်နယ်လျှပ်စစ်ဆိုင်ရာ တာဝန်များဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ပြည်နယ်လျှပ်စစ်ဆိုင်ရာတာဝန်များဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးကို ဆိုသည်။

(င) **ကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားသော ပြည်နယ်လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(စ) **လျှပ်စစ်ဓာတ်အား**ဆိုသည်မှာ စွမ်းအင်အရင်းအမြစ်တစ်မျိုးမျိုးကို အသုံးပြု၍ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားကို ဆိုသည်။

(ဆ) **လျှပ်စစ်ဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားနှင့်စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း၊ ဖလှယ်ခြင်း၊ ဓာတ်အားစနစ်ကွပ်ကဲခြင်း၊ လျှပ်စစ်စမ်းသပ်စစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးခြင်းများကို ဆိုသည်။

(ဇ) **အသေးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်။

(ဈ) **အလတ်စားလျှပ်စစ်ဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်အထက်မှ ၃၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်။

(ည) **လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ပိုင်ခွင့်**ဆိုသည်မှာ အလတ်စားနှင့် အသေးစား လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ရန် ခွင့်ပြုနိုင်သည့် လုပ်ပိုင်ခွင့်ကို ဆိုသည်။

(ဋ) **ခွင့်ပြုမိန့်**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်ရန် အစိုးရအဖွဲ့က ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(ဌ) **လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း**ဆိုသည်မှာ နည်းပညာတစ်ခုခုအသုံးပြု၍ စွမ်းအင်အရင်းအမြစ်တစ်မျိုးမျိုးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ဆိုသည်။

(ဍ) **လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်သည့်နေရာမှ သုံးစွဲမည့်နေရာသို့ ရောက်ရှိစေရန် လျှပ်စစ်ဓာတ်အားလိုင်းများသွယ်တန်း၍ သတ်မှတ်ထားသည့် ဗို့အား၊ ကြိမ်နှုန်း၊ လျှပ်စီးတို့ဖြင့် စနစ်တကျ ပို့လွှတ်ခြင်းကို ဆိုသည်။

(ဎ) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အား သုံးစွဲသူများထံသို့ သတ်မှတ်ထားသော ဗို့အား၊ ကြိမ်နှုန်း၊ လျှပ်စီးတို့ဖြင့် စနစ်တကျ ဓာတ်အားဖြန့်ဖြူးခြင်းကို ဆိုသည်။

(ဏ) **လျှပ်စစ်ဓာတ်အားအသုံးပြုခြင်း**ဆိုသည်မှာ သတ်မှတ်ထားသည့် ဗို့အား၊ ကြိမ်နှုန်း၊ လျှပ်စီးရှိသော လျှပ်စစ်ဓာတ်အားကို သတ်မှတ်ချက်များနှင့်အညီ ရယူအသုံးပြုခြင်းကို ဆိုသည်။

(တ) **လျှပ်စစ်ဓာတ်အားစနစ်**ဆိုသည်မှာ မဟာဓာတ်အားလိုင်းစနစ်နှင့် ဒေသဆိုင်ရာလျှပ်စစ်ဓာတ်အားစနစ်တို့ကို ဆိုသည်။

(ထ) **မဟာဓာတ်အားလိုင်းစနစ်**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ၊ ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားပို့လွှတ်ရေးလိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများနှင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများကို ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း ပြုလုပ်နေသော တစ်နိုင်ငံလုံးနှင့်ဆိုင်သောစနစ်ကို ဆိုသည်။

(ဒ) **ဒေသဆိုင်ရာလျှပ်စစ်ဓာတ်အားစနစ်**ဆိုသည်မှာ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်မှုမရှိဘဲ နယ်နိမိတ်တစ်ခုအတွင်း၌ သီးခြားစနစ်တစ်ခုအဖြစ် ဓာတ်အားပေးနေသော လျှပ်စစ်ဓာတ်အားစနစ်ကို ဆိုသည်။

(ဓ) **လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေပါ လျှပ်စစ်စစ်ဆေးရေးလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးက ဖွဲ့စည်းပေးထားသောအဖွဲ့ကို ဆိုသည်။

(န) **လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေ**ဆိုသည်မှာ ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အားစနစ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် အစိုးရအဖွဲ့က သတ်မှတ်ထားသော အကွာအဝေးအတွင်းရှိ နယ်မြေကို ဆိုသည်။

(ပ) **လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားစူးစမ်းရှာဖွေခြင်း၊ လျှပ်စစ်ဓာတ်အားစနစ်ကွပ်ကဲခြင်း၊ လျှပ်စစ်ဓာတ်အားရောင်းဝယ်ခြင်းနှင့် လျှပ်စစ်ဓာတ်အားဖလှယ်ခြင်းလုပ်ငန်းတို့မှအပ အခြားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်းကို ဆိုသည်။

(ဖ) **လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသူ**ဆိုသည်မှာ ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်သူ သို့မဟုတ် ဆောင်ရွက်သည့်အဖွဲ့အစည်းကို ဆိုသည်။

(ဗ) **လျှပ်စစ်ဓာတ်အားသုံးစွဲသူ**ဆိုသည်မှာ တည်ဆဲဥပဒေများနှင့်အညီ လျှပ်စစ်ဓာတ်အားရယူသုံးစွဲသူကို ဆိုသည်။

(ဘ) **လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်**ဆိုသည်မှာ လျှပ်စစ်ဥပဒေပါ စစ်ဆေးရေးမှူးချုပ်က အသိအမှတ်ပြုထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(မ) **လျှပ်စစ်ကျွမ်းကျင်လုပ်သား**ဆိုသည်မှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ခန့်အပ်ထားသော ဝန်ထမ်းနှင့် လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်ရရှိထားသူများကို ဆိုသည်။

(ယ) **စစ်ဆေးရေးမှူးချုပ်**ဆိုသည်မှာ ဤဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ခန့်အပ်သောပုဂ္ဂိုလ်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်နယ်အတွင်း နေထိုင်သူများ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ခြင်းဖြင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊

(ခ) ဒေသဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်၊

(ဃ) ပြည်နယ်ဘဏ္ဍာရန်ပုံငွေအတွက် ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊

(င) အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုများကို ဥပဒေနှင့်အညီ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊

(စ) နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်နည်းတစ်လမ်းဖြင့် ဖြည့်ဆည်းပေးနိုင်စေရန်။

## အခန်း (၃)
## ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် -

(က) လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကို ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အခြား သင့်လျော်သော ဌာနဆိုင်ရာများမှ ဦးစီးမှူးများ၊ ပြင်ပမှလျှပ်စစ်ကျွမ်းကျင်သော ပုဂ္ဂိုလ်များနှင့် ရပ်မိရပ်ဖများကို အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်ရေး အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ခုနစ်ဦး သို့မဟုတ် ကိုးဦးဖြင့် ဖွဲ့စည်းရမည်။ လိုအပ်ပါက ကြီးကြပ်ရေးအဖွဲ့ကို ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

(ဂ) လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ အစိုးရအဖွဲ့၏ သက်တမ်းနှင့်အညီဖြစ်သည်။

၅။ ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ထားချက်ကို စိစစ်၍ အစိုးရအဖွဲ့ထံသို့ တင်ပြခြင်း၊

(ခ) လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ပိုင်ခွင့်ရရှိသူအား ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ လုပ်ပိုင်ခွင့်စည်းကမ်းချက်များကိုလည်းကောင်း လိုက်နာစေရန်ကြီးကြပ်ခြင်း၊

(ဂ) ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိပြီး မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများကို လုပ်ကိုင်လိုကြောင်း လျှောက်လွှာကိုစိစစ်၍ အစိုးရအဖွဲ့ထံသို့ တင်ပြခြင်း၊

(ဃ) လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ပိုင်ခွင့်ရရှိသူသည် မဟာဓာတ်အားလိုင်းစနစ်သို့ လျှပ်စစ်ဓာတ်အား ရောင်းချလိုကြောင်း တင်ပြလာပါက စိစစ်၍ အစိုးရအဖွဲ့ထံသို့ တင်ပြခြင်း၊

(င) ပြည်နယ်အကျိုးငှာ လိုအပ်သော အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် လုပ်ငန်းများအတွက် အခွန်အခပေးဆောင်ခြင်းကို ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် စိစစ်၍ အစိုးရအဖွဲ့ထံသို့ တင်ပြခြင်း၊

(စ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသူသည် နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားလိုင်းများကို ငှားရမ်း သုံးစွဲ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးလိုကြောင်း လျှောက်ထားလာပါက လျှောက်ထားချက်ကို စိစစ်၍ သဘောထားမှတ်ချက်ဖြင့် အစိုးရအဖွဲ့ထံသို့ တင်ပြခြင်း၊

(ဆ) လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ပိုင်ခွင့်ရရှိသူသည် ပိုလျှံသော လျှပ်စစ်ဓာတ်အားကို မဟာဓာတ်အား လိုင်းစနစ်သို့ ရောင်းချနိုင်ရေးအတွက် အစိုးရအဖွဲ့ထံသို့ တင်ပြခြင်း၊

(ဇ) လျှပ်စစ်ဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ကြားနာခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဈ) ဤဥပဒေပုဒ်မ ၉၊ ၂၃ နှင့် ၂၅ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူ များအား စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်ခြင်း။

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက် ( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၁၀၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

၁။ ပြည်ထောင်စုလွှတ်တော်ရုံး၊ နိုင်ငံတကာဆက်ဆံရေး၊ သုတေသနနှင့် နည်းပညာဌာနကြီးမှ ညွှန်ကြားရေးမှူး ဒေါ်နီနီအေး ၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အမိန့်ကြော်ငြာစာ (၅၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်၊ အောင်သာကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (-)၊ ဦးပိုင်အမှတ် (-)၊ ရေနီသစ်တောကြိုးဝိုင်းပယ်ဖျက် **မြေဧရိယာ ၁၅၈. ၀၀ ဧက** အား **ယက္ကန်းစင်တောင်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## စိုက်ပျိုးရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)

စိုက်ပျိုးရေးဦးစီးဌာနသည် ပိုးသတ်ဆေးဥပဒေပုဒ်မ-၄၇၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် ပိုးသတ်ဆေးဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ပိုးသတ်ဆေးဥပဒေကို ဆိုသည်။

(ခ) **ပိုးသတ်ဆေးမှတ်ပုံတင်ခြင်း**ဆိုသည်မှာ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ပြည်ပမှလည်းကောင်း၊ ပြည်တွင်းမှလည်းကောင်း ထုတ်လုပ်သူ (သို့မဟုတ်) ထုတ်လုပ်သူ၏ တရားဝင်အခွင့်အာဏာ လွှဲအပ်ထားသောသူမှ မှတ်ပုံတင်ပေးရန် လျှောက်ထားလာသည့်အခါ မှတ်ပုံတင်အဖွဲ့က ပိုးသတ်ဆေးထိရောက်မှုရှိခြင်း၊ လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်တို့အား အန္တရာယ်ရှိမှုနည်းခြင်းတို့ကို အခြေခံ၍ စိစစ်သုံးသပ်ပြီး ကျေနပ်မှုရှိသဖြင့် ယင်းပိုးသတ်ဆေးကို မှတ်ပုံတင်ခွင့်ပြုပေးခြင်းကို ဆိုသည်။

(ဂ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ဥပဒေနှင့်အညီ မှတ်ပုံတင်အဖွဲ့က ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဃ) **မူပိုင်ကုန်အမှတ်တံဆိပ်အမည်**ဆိုသည်မှာ ပိုးသတ်ဆေးအား မှတ်ပုံတင်ထားသည့် မူပိုင်ကုန်အမှတ် တံဆိပ်အဖြစ် သုံးစွဲသည့်အမည်ကို ဆိုသည်။

(င) **ပြင်ဆင်မှတ်ပုံတင်ခြင်း**ဆိုသည်မှာ မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးများနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လို၍ မှတ်ပုံတင်အဖွဲ့သို့ ပြင်ဆင်မှတ်ပုံတင်ပေးရန် လျှောက်ထားလာသည့်အခါ စိစစ်သုံးသပ်ပြီး မှတ်ပုံတင်အဖွဲ့က ကျေနပ်မှုရှိသဖြင့် ပြင်ဆင်မှတ်ပုံ တင်ခွင့်ပြုပေးခြင်းကို ဆိုသည် -

(၁) ဖော်စပ်နည်းပြောင်းလဲခြင်း၊

(၂) အကျိုးသက်ရောက်မှုနယ်ပယ် တိုးချဲ့သုံးစွဲခြင်း၊

(၃) ထုတ်လုပ်သူတစ်ဦး၏ မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးတွင်ပါရှိသော အဆိပ်ရှိပစ္စည်းကို သုံးစွဲ၍ ယင်း၏ခွင့်ပြုချက်ဖြင့် အခြားပုဂ္ဂိုလ်တစ်ဦးက အမည်သစ်ဖြင့် ဖော်စပ်ထုတ်လုပ်ခြင်း။

(စ) **ပိုးသတ်ဆေးဓာတ်ကြွင်း**ဆိုသည်မှာ ပိုးသတ်ဆေးသုံးစွဲခြင်းကြောင့် ရိက္ခာ၊ တိရစ္ဆာန်အစာနှင့် ပတ်ဝန်းကျင်တို့တွင် ကျန်ရှိသည့် ဓာတုပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပိုးသတ်ဆေးတွင် ပါဝင်သည့် အဆိပ်ရှိပစ္စည်းအဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်လာသော ဓာတုပစ္စည်းနှင့် သုံးစွဲသည့် ပိုးသတ်ဆေးကြောင့် ပါဝင်နိုင်သည့် မသန့်စင်သောပစ္စည်းတို့လည်း ပါဝင်သည်။

(ဆ) **အမြင့်ဆုံးဓာတ်ကြွင်းပါဝင်မှုသတ်မှတ်ချက်**ဆိုသည်မှာ ရိက္ခာ၊ စိုက်ပျိုးထွက်ပစ္စည်း၊ တိရစ္ဆာန်အစာ တို့၌ ရိတ်သိမ်းချိန်၊ သိုလှောင်ချိန်၊ သယ်ယူပို့ဆောင်ချိန်၊ ရောင်းဝယ်ဖောက်ကားချိန်၊ စားသုံးသည့် အဆင့်ထိ ရိက္ခာပြုပြင်ချိန်စသည်တို့တွင် မှတ်ပုံတင်အဖွဲ့ကခွင့်ပြုသည့် အမြင့်ဆုံးဓာတ်ကြွင်းပါဝင်မှု ပမာဏကို ဆိုသည်။

(ဇ) **ကန့်သတ်ထားသော ပိုးသတ်ဆေး**ဆိုသည်မှာ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့် လက်မှတ်ရသူကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ကြီးကြပ်မှုဖြင့်ဖြစ်စေ၊ မှတ်ပုံတင်အဖွဲ့ကသတ်မှတ်ထားသည့် သုံးစွဲရမည့်ပုံစံနှင့်အညီသာ အသုံးပြုနိုင်သည့် လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်တို့အား အန္တရာယ်ကြီးမားသော ပိုးသတ်ဆေးများကို ဆိုသည်။

(ဈ) **သုံးစွဲရမည့်ပုံစံ**ဆိုသည်မှာ ပိုးသတ်ဆေးတစ်မျိုးမျိုးအား မှတ်ပုံတင်ပေးသည့်အခါ ယင်းမှတ်ပုံတင်လက်မှတ်တွင် မှတ်ပုံတင်အဖွဲ့က သတ်မှတ်ပေးသည့် သုံးစွဲရမည့်နည်းလမ်းများကို ဆိုသည်။

(ည) **ပုံစံများ**ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော ပုံစံများကို ဆိုသည်။

(ဋ) **ပိုးသတ်ဆေးဖြန့်ဖြူးရောင်းချခြင်း**ဆိုသည်မှာ မှတ်ပုံတင်ရရှိထားသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းတစ်မျိုးမျိုးအား ထုတ်လုပ်သူ၏ သဘောတူညီချက်ဖြင့် ပြည်တွင်းသို့ တင်သွင်းဖြန့်ဖြူးရောင်းချခွင့်ပြုခြင်းကို ဆိုသည်။

## အခန်း (၂)
## မှတ်ပုံတင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း

၃။ မှတ်ပုံတင်အဖွဲ့သည် ဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရန် အစည်းအဝေးကို ခြောက်လလျှင်တစ်ကြိမ် ပြုလုပ်ရမည်။ သို့ရာတွင် ဥက္ကဋ္ဌက လိုအပ်သည်ဟုယူဆလျှင် မည်သည့်အချိန်တွင်မဆို အစည်းအဝေးပြုလုပ်နိုင်သည်။ ယင်းအစည်းအဝေးတွင် လိုအပ်ပါက ပြင်ပကျွမ်းကျင်သူ ပညာရှင်များကိုလည်းကောင်း၊ မှတ်ပုံတင်လျှောက်ထားသူကိုလည်းကောင်း တက်ရောက်ရန် ဖိတ်ကြားနိုင်သည်။

၄။ မှတ်ပုံတင်အဖွဲ့ အစည်းအဝေးတွင် ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌ အစည်းအဝေးမတက်ရောက်နိုင်သည့်အခါ ယင်းကတာဝန်ပေးအပ်သူ အဖွဲ့ဝင်တစ်ဦးက သဘာပတိအဖြစ်ဆောင်ရွက်နိုင်ပြီး အဖွဲ့ဝင်များကိုယ်တိုင် တက်ရောက်ရမည်။

၅။ အဖွဲ့ဝင်ဦးရေ ထက်ဝက်ထက်ပို၍ တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

၆။ မှတ်ပုံတင်အဖွဲ့၏ အစည်းအဝေးများတွင် မှတ်ပုံတင်ထုတ်ပေးသည့် ဆုံးဖြတ်ချက်မှအပ ကျန်ဆုံးဖြတ်ချက်များကို အဖွဲ့ဝင်အနည်းဆုံး ၆၀ ရာခိုင်နှုန်း၏ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။ ထောက်ခံမဲနှင့် ကန့်ကွက်မဲတူညီနေသည့်ကိစ္စရပ်တွင် သဘာပတိက အဆုံးအဖြတ်မဲပေးနိုင်သည်။ မှတ်ပုံတင်ထုတ်ပေးရန် ဆုံးဖြတ်သည့်ကိစ္စတွင်မူ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဝင်များက မဲပေးဆုံးဖြတ်ခွင့်ရှိပြီး အဖွဲ့ဝင်အနည်းဆုံး ၇၅ ရာခိုင်နှုန်းက သဘောတူမှသာလျှင် အတည်ဖြစ်သည်။

၇။ မှတ်ပုံတင်အဖွဲ့သည် မိမိလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် -

(က) ပိုးသတ်ဆေး၊ ပိုးသတ်ဆေးတွင်ပါဝင်သော အဆိပ်ရှိပစ္စည်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိရန် လျှောက်ထားသည့်အခါ တင်ပြရန်လိုအပ်သောအထောက်အထား အချက်အလက်များကို သတ်မှတ်ပေးရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ပြင်ပပညာရှင်များထံမှလည်း အကြံဉာဏ်ရယူနိုင်သည်။

၈။ မှတ်ပုံတင်အဖွဲ့သည် ပိုးသတ်ဆေး၊ ပိုးသတ်ဆေးတွင်ပါဝင်သော အဆိပ်ရှိပစ္စည်း မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်လျှောက်ထားခြင်း၊ ပြင်ဆင်မှတ်ပုံတင်ပေးရန် လျှောက်ထားခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားခြင်းကိစ္စရပ်များကို စိစစ်သုံးသပ်ပြီးနောက် အောက်ပါဆောင်ရွက်မှုတစ်ရပ်ရပ်ကိုပြုလုပ်နိုင်သည်-

(က) လျှောက်ထားသူထံမှ ထပ်မံတောင်းခံထားသည့် အချက်အလက်များရရှိသည်အထိ လျှောက်လွှာကို ဆိုင်းငံ့ထားခြင်း၊

(ခ) မှတ်ပုံတင်ထုတ်ပေးခြင်း၊ သက်တမ်းတိုးထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အဆိပ်အတောက်ဖြစ်စေနိုင်မှုများလျှင်၊ ဖျက်ပိုးများအပေါ် ထိရောက်မှုမရှိလျှင်၊ လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်တို့အား အန္တရာယ်ရှိလျှင် လျှောက်လွှာကို ငြင်းပယ်ခြင်း။

၉။ မှတ်ပုံတင်အဖွဲ့သည် မှတ်ပုံတင်ထုတ်ပေးသည့်အခါ မှတ်ပုံတင်လက်မှတ်တွင် အောက်ပါအချက်များကို သတ်မှတ်ဖော်ပြပေးရမည် -

(က) မှတ်ပုံတင်သက်တမ်း၊

(ခ) မှတ်ပုံတင်အမျိုးအစားနှင့် မှတ်ပုံတင်အမှတ်၊

(ဂ) ကုန်သွယ်မှုအမည်၊

(ဃ) ထုတ်လုပ်သည့်ကုမ္ပဏီအမည်/နိုင်ငံ၊

(င) မှတ်ပုံတင်ခွင့်ပြုချက်ရသူ/အဖွဲ့အစည်း/ကုမ္ပဏီအမည်၊

(စ) အဆိပ်ရှိပစ္စည်း၏အမည်၊

(ဆ) အဆိပ်ရှိပစ္စည်းများပါဝင်မှုနှင့် ပြင်းအား၊

(ဇ) အရည်အသွေးဆိုင်ရာ စံနှုန်းများ၊

(ဈ) ထည့်သွင်းထုပ်ပိုးပစ္စည်း အမျိုးအစားနှင့်အရွယ်၊

(ည) သုံးစွဲရမည့်ပုံစံ၊

(ဋ) သုံးစွဲမှုကန့်သတ်ချက်၊

(ဌ) မှတ်ပုံတင်ထားသော မရိတ်သိမ်းမီ စောင့်ဆိုင်းရမည့်ကာလနှင့် ခွင့်ပြုထားသော အမြင့်ဆုံးဓာတ်ကြွင်းပါဝင်မှု။

၁၀။ မှတ်ပုံတင်အဖွဲ့သည် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်း၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း၊ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ အများပြည်သူက စိုက်ပျိုးရေးလုပ်ငန်းတွင်လည်းကောင်း၊ မြို့ရွာသန့်ရှင်းရေးနှင့် ခြင်၊ ယင်၊ ကြွက်နှင့် အိမ်တွင်းပိုးမွှားများ၊ အခြားပိုးမွှားများနှိမ်နင်းရေးလုပ်ငန်းများတွင်လည်းကောင်း သုံးစွဲသောပိုးသတ်ဆေးနှင့် သုံးစွဲနည်းတို့နှင့်စပ်လျဉ်း၍ လူ၊ တိရစ္ဆာန်နှင့်သဘာဝပတ်ဝန်းကျင်တို့အား အန္တရာယ်မရှိစေရန် လိုအပ်သည့် အမိန့်၊ ညွှန်ကြားချက်များကို အခါအားလျော်စွာထုတ်ပြန်နိုင်သည်။

၁၁။ မှတ်ပုံတင်အဖွဲ့သည် ပိုးသတ်ဆေး၊ ပိုးသတ်ဆေးတွင်ပါဝင်သောအဆိပ်ရှိပစ္စည်း စစ်ဆေးသည့်ဓာတ်ခွဲခန်းများအား အသိအမှတ်ပြုရေး၊ လယ်ယာနှင့်သစ်တောထွက် ပြည်ပပို့ကုန်ပစ္စည်းများနှင့် အခြားပစ္စည်းများ၊ သိုလှောင်သီးနှံများကို ပိုးသတ်ခြင်း၊ လူနေအိမ်ဝန်းကျင်များ၊ သိုလှောင်သည့်နေရာ၊ ဂိုဒေါင်နှင့်အဆောက်အအုံများ၊ သယ်ဆောင်သည့်ယာဉ်နှင့် ကုန်သေတ္တာများတွင် ပိုးသတ်ဆေးပက်ဖျန်းခြင်း သို့မဟုတ်ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်း အသိအမှတ်ပြု လိုင်စင်ခွင့်ပြုနိုင်ရေးအတွက် လိုအပ်သည့်သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၂။ မှတ်ပုံတင်ခွင့်ပြုထားသော ပိုးသတ်ဆေး၊ ပိုးသတ်ဆေးတွင်ပါဝင်သော အဆိပ်ရှိပစ္စည်းသည်ပြည်တွင်း ပြည်ပမှ ထပ်မံရရှိသောအချက်အလက်များအရ လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်အားအန္တရာယ်ဖြစ်စေနိုင်သည်ဟု သိရှိရပါက မှတ်ပုံတင်အဖွဲ့သည် ထိုပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုကို တားမြစ်ရမည်။ လိုအပ်ပါက မှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်းခြင်းပြုနိုင်သည်။ မှတ်ပုံတင်ခွင့်ပြုချက်ရသူက မှတ်ပုံတင်ပယ်ဖျက်ပေးရန် တောင်းဆိုလာလျှင် ပယ်ဖျက်နိုင်သည်။

၁၃။ မှတ်ပုံတင်အဖွဲ့သည် မိမိဆောင်ရွက်ချက်များကို ဝန်ကြီးဌာနသို့ အခါအားလျော်စွာ တင်ပြအစီရင်ခံရမည်။

၁၄။ မှတ်ပုံတင်ခွင့်ပြုချက်ရရှိထားသူက တင်သွင်းသူ/ဖြန့်ဖြူးသူ အမည်ပြောင်းရန်၊ ကုန်ပစ္စည်းအမှတ်တံဆိပ်ဖော်ပြချက်များပြောင်းလဲရန် တင်ပြလာပါက စိစစ်ခွင့်ပြုပေးရမည်။

## အခန်း (၃)

## မှတ်ပုံတင်လျှောက်ထားခြင်းနှင့် လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၅။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း မှတ်ပုံတင်လျှောက်ထားသူသည် ပုံစံ (၁) ကို ပြည့်စုံစွာ ဖြည့်သွင်း၍ လိုအပ်သောနည်းပညာဆိုင်ရာ အထောက်အကူပြုစာရွက်စာတမ်းများ၊ အာနိသင်ထိရောက်မှု၊ ဓာတ်ကြွင်းစမ်းသပ်ကွက် ဆောင်ရွက်ရန်နှင့် အရည်အသွေးစစ်ဆေးရန် နမူနာပစ္စည်းများ ပူးတွဲလျက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ လျှောက်ထားရမည်။

၁၆။ မှတ်ပုံတင်ခွင့်ရရှိထားသော ပိုးသတ်ဆေးတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ပြင်ဆင်မှတ်ပုံတင်ခြင်းကိစ္စကို ဆောင်ရွက်လိုသူသည် ပုံစံ (၁) ကိုပင် ပြည့်စုံစွာဖြည့်သွင်း၍ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ လျှောက်ထားရမည်။

၁၇။ ပိုးသတ်ဆေးမှတ်ပုံတင်လျှောက်ထားသူသည် ဓာတ်ခွဲစစ်ဆေးခကိုလည်းကောင်း၊ မှတ်ပုံတင်ခွင့်ပြုချက် ရရှိပါက မှတ်ပုံတင်အမျိုးအစားအလိုက် မှတ်ပုံတင်ခများကိုလည်းကောင်း သတ်မှတ်သည့်နှုန်းထားနှင့် သတ်မှတ်သည့်နည်းလမ်းများအတိုင်း မြန်မာကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၈။ မှတ်ပုံတင်အဖွဲ့သည် အပိုဒ် ၁၅ သို့မဟုတ် အပိုဒ် ၁၆ အရ လျှောက်ထားလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ မှတ်ပုံတင်ခွင့်ပြုပါက **ပုံစံ (၂)** ဖြင့် မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၁၉။ မှတ်ပုံတင်ခွင့်ရရှိထားသော ပိုးသတ်ဆေးတစ်မျိုးမျိုး၏ တင်သွင်းသူအမည်၊ ဖြန့်ဖြူးသူအမည်၊ ထုတ်လုပ်သူအမည်နှင့် ကုန်သွယ်မှုအမည်များ ပြောင်းလဲလိုလျှင် ပြင်ဆင်မှတ်ပုံတင်လျှောက်ထားရန်မလိုဘဲ ဈေးကွက်အတွင်းသို့ မဖြန့်ဖြူးမီ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်ကိုရယူရန် ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ရုံးမှ သတ်မှတ်ထားသော ဆောင်ရွက်ရမည့်အချက်များနှင့် လျှောက်ထားရမည်ဖြစ်ပါသည်။

၂၀။ ပိုးသတ်ဆေးမှတ်ပုံတင်လျှောက်ထားစဉ် ပူးတွဲတင်ပြရသည့် အညွှန်းစာနှင့်ပတ်သက်၍ အောက်ပါ အချက်များကို လိုက်နာဆောင်ရွက်ရပါမည် -

(က) မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရမည်။

(ခ) မှတ်ပုံတင်ခွင့်ရရှိပြီးပါက ဈေးကွက်တင်မည့်အညွှန်းစာကို မြန်မာစာဖြင့်သာ တင်သွင်းဖြန့်ဖြူး ရမည်။

(ဂ) မှတ်ပုံတင်ခွင့် ရရှိပြီးသော အညွှန်းစာပါ အချက်အလက် တစ်စုံတစ်ရာအားလည်းကောင်း၊ ပုံသဏ္ဌာန်အားလည်းကောင်း ပြောင်းလဲလိုပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ရုံးမှ သတ်မှတ် ထားသော ဆောင်ရွက်ရမည့် အချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။ ပုံသဏ္ဌာန်တစ်မျိုးတည်း ဖြစ်ရမည်။

၂၁။ မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေး၊ ပိုးသတ်ဆေးတွင်ပါဝင်သော အဆိပ်ရှိပစ္စည်း တင်သွင်းလိုလျှင် တင်သွင်းခြင်းမပြုမီ အောက်ပါအချက်အလက်များကို တင်သွင်းသူက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ ကြိုတင်၍ တင်ပြရမည် -

(က) ပိုးသတ်ဆေး၊ ပိုးသတ်ဆေးတွင်ပါဝင်သော အဆိပ်ရှိပစ္စည်း သိုလှောင်/ဖြန့်ဖြူးမည့်နေရာဒေသ၏ လိပ်စာ၊

(ခ) အဆောက်အအုံ အမျိုးအစား၊

(ဂ) အဆောက်အအုံ၏ အကျယ်အဝန်း၊

(ဃ) လက်ကားရောင်းချမည့်ပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ အမည်နှင့်နေရပ်လိပ်စာ၊

(င) ပိုးသတ်ဆေး၊ ပိုးသတ်ဆေးတွင်ပါဝင်သော အဆိပ်ရှိပစ္စည်း ကိုင်တွယ်မည့်သူများ၏အမည်နှင့် အဆိပ်အတောက်များကို အန္တရာယ်ကင်းရှင်းစွာ ကိုင်ဆောင်ခွင့်ရှိခြင်းနှင့်စပ်လျဉ်း၍ ရရှိထားသည့် အထောက်အထားများ၊

(စ) ပိုးသတ်ဆေး ကိုင်တွယ်မည့်သူ၏ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်လက်မှတ်မိတ္တူ၊

(ဆ) မှတ်ပုံတင်အဖွဲ့မှအတည်ပြုထားသော မြန်မာအညွှန်းစာ နမူနာပုံစံ၊

(ဇ) ပိုးသတ်ဆေးဖော်စပ်ထုတ်လုပ်ရာတွင် အသုံးပြုမည့် အဆိပ်ရှိပစ္စည်းအား တင်သွင်းသူသည် ဖော်စပ်ထုတ်လုပ်ခွင့်လိုင်စင်ကိုင်ဆောင်ထားသူကိုသာ ယင်းအဆိပ်ရှိပစ္စည်းအား ဖြန့်ဖြူးရမည်။ ပိုးသတ်ဆေး ဖော်စပ်ထုတ်လုပ်လိုသောသူ၏ ပိုးသတ်ဆေးသည်လည်း မှတ်ပုံတင်ခွင့်ပြုချက် ရရှိထားပြီးဖြစ်ရမည်။

၂၂။ ပြည်ပမှ တင်သွင်းသော အဆိပ်ရှိပစ္စည်းကို ပြည်တွင်းတွင် ပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်လိုသူသည် **ပုံစံ (၃)** ကို ပြည့်စုံစွာဖြည့်သွင်း၍ ညွှန်ကြားရေးမှူးချုပ်သို့ လျှောက်ထားရမည်။

၂၃။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၂ အရ လျှောက်ထားလာသော လျှောက်လွှာများနှင့်စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ထပ်မံလိုအပ်သည့် အထောက်အထား အချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံခြင်း၊

(ခ) လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အခြားသင့်သည်ဟု ထင်မြင်ယူဆသည့် အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း။

၂၄။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၂ အရ လျှောက်ထားလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးပါက **ပုံစံ (၄)** ဖြင့် လိုင်စင်ထုတ်ပေးရမည်။

၂၅။ ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းလာသည့် မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများကိုလည်းကောင်း၊ ပြည်တွင်းတွင် မှတ်ပုံတင်ထားပြီး ဖော်စပ်ထုတ်လုပ်သည့် ပိုးသတ်ဆေးကိုလည်းကောင်း ပြန်လည်ထုပ်ပိုးရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်လိုသူသည် **ပုံစံ (၅)** ကို ပြည့်စုံစွာဖြည့်သွင်း၍ ညွှန်ကြားရေးမှူးချုပ်သို့ လျှောက်ထားရမည်။

၂၆။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၅ အရ လျှောက်ထားလာသော လျှောက်လွှာများနှင့်စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ထပ်မံလိုအပ်သည့် အထောက်အထားအချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံခြင်း၊

(ခ) လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အခြားသင့်သည်ဟု ထင်မြင်ယူဆသည့် အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း။

၂၇။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၅ အရ လျှောက်ထားလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးပါက **ပုံစံ (၆)** ဖြင့် လိုင်စင်ထုတ်ပေးရမည်။

၂၈။ ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် **ပုံစံ (၇)** ကို ပြည့်စုံစွာဖြည့်သွင်း၍ ညွှန်ကြားရေးမှူးချုပ်သို့ လျှောက်ထားရမည်။

၂၉။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၈ အရ လျှောက်ထားလာသော လျှောက်လွှာများနှင့်စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ထပ်မံလိုအပ်သည့် အထောက်အထားအချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံခြင်း၊

(ခ) လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အခြားသင့်သည်ဟု ထင်မြင်ယူဆသည့် အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း။

၃၀။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၈ အရ လျှောက်ထားလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးပါက **ပုံစံ (၈)** ဖြင့် လိုင်စင်ထုတ်ပေးရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

Notice Under Section 208 (E) of
Myanmar Companies Act

**SUMITOMO MITSUI BANKING CORPORATION (Yangon Representative Office)**

(Voluntary Winding-Up by Member)

The Final Meeting of **SUMITOMO MITSUI BANKING CORPORATION (Yangon Representative Office) (the "Representative Office"),** will be held based on the following details and agenda:

Date : 26th August 2019
Time : 10:00 am
Place : TMI Associates Services Co.,Ltd.
#105,Prime Hill Business Square,
No.60, Shwe Dagon Pagoda Road,
Dagon Township,
Yangon, Myanmar.
**Object :** To submit and explain the liquidator's report and returns

Please note that SUMITOMO MITSUI BANKING CORPORATION has already established a branch in Myanmar (Yangon Branch) and that this voluntary winding up of the Representative Office will not have any effect on the normal operations of our Yangon Branch.

Cheif Representative
For and On Behalf of the Board of Directors of
SUMITOMO MITSUI BANKING CORPORATION

Daw The` Ei Shwe Zin
Liquidator
TMI Associates Services Co.,Ltd.
#105,Prime Hill Business Square,
No.60, Shwe Dagon Pagoda Road,
Dagon Township, Yangon, Myanmar.

## အဲဗားအိစ် မြန်မာ ကုမ္ပဏီလီမိတက်

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**အဲဗားအိစ် မြန်မာ ကုမ္ပဏီလီမိတက်** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ နံနက် (၁၀း၃၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် (၁၃၅/အေ) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ
[B.Com, CPA (210)]
ZIN & FRIENDS AUDIT FIRM
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## MYANMAR NOPOSION CROP SCIENCE CO., LTD

ဖျက်သိမ်းရန် ကြော်ငြာချက်

၁။ **Myanmar Noposion Crop Science Co., Ltd** ကို အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၁၉. ၈. ၂၀၁၉) နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ် အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးလောဟိုင်း | ဦးဇင်ဝေ |
| Managing Director | [B.Com, CPA (210)] |
| Myanmar Noposion Crop Science Co., Ltd | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

**Gallant Myanmar Trading Company Limited**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**Gallant Myanmar Trading Company Limited** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့ နံနက် (၁၀း၃၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ အနော်ရထာလမ်း၊ အကွက်အမှတ် (၆,၇,၈,၉) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ
[B.Com, CPA (210)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ပီဝိုင်အမ် ဂရင်းကုမ္ပဏီလီမိတက်**

**(PYM GREEN COMPANY LIMITED)**

(အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

(Voluntary Liquidation)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏သာမန်ထက်ထူးကဲသော သင်းလုံးကျွတ်အထွေထွေ အစည်းအဝေးဆုံးဖြတ်ချက်အရ PYM GREEN CO., LTD အား (၂၀) ရက်၊ ဩဂုတ်လ၊ ၂၀၁၉ ရက်မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးခင်မောင်မြင့် LL.B (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့်ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးခင်မောင်မြင့် (ကနောင်)
(LL.B)
(တရားလွှတ်တော်ရှေ့နေ) (စဉ်-၂၇၁၆/၈၄)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၁၀/၁၂)၊ မြေညီထပ်၊ ၃၅ လမ်း (အောက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၉-၅၁၀၈၇၁၄၄၊ ၀၉-၇၈၀၀၀၁၉၅၁

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၂၃-၈-၂၀၁၉။